# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 28 October 2025 ၁၁၉၈၄


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

### ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ

# ၂၀၂၄ သန်းခေါင်စာရင်း အစီရင်ခံစာသည် မိမိတို့နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒချမှတ်နိုင်ရန် လမ်းပြမြေပုံတစ်ခုအဖြစ် အကျိုးရှိရှိ အသုံးပြုရန်အရေးကြီး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအထိမ်းအမှတ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


## ယနေ့ ဖတ်စရာ


**မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင် ပြုပြင်မွမ်းမံလျှာခါန်းမှု လွဲပြောင်းအပ်နှံ** စာမျက်နှာ » ၅

**တက်ညီ၊ လက်ညီ . . . . . ဒီမိုကရေစီ ပန်းတိုင်ဆီသို့** ဆောင်းပါး စာမျက်နှာ » ၆

**မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်း တက်ရောက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တပ်ဖွဲ့ဝင် သင်တန်းသားများ၏ လေ့ကျင့်သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေး** စာမျက်နှာ » ၁၀

**ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘီလပ်မြေများကို အထူးကုန်ရထားဖြင့် ပို့ဆောင်** စာမျက်နှာ » ၁၇

# တိုင်းပြည်တည်ငြိမ်အေးချမ်းဝပြောရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့်တည်ဆောက်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး သုံးလအကြာတွင် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲများကြောင့် လက်နက်ကိုင်ပဋိပက္ခများ စတင်ပေါ်ပေါက်လာခဲ့သည်။ ထိုအချိန်မှစတင်၍ လက်နက်ကိုင်ပဋိပက္ခများ ကာလရှည်ကြာဖြစ်ပေါ်လာခဲ့သည်မှာ ယနေ့အချိန်ဆိုလျှင် နှစ်ပေါင်း ၈၀ နီးပါးရှိလာပြီဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် လွတ်လပ်ရေး ရပင်ရငြားသော်လည်း လွတ်လပ်ရေးအသီးအပွင့်များကို တန်းတူညီမျှမခံစားကြရသေးပေ။ ထိုမျှသာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း နှေးကွေးသွားခဲ့ပြီး ယနေ့အချိန်ဆိုလျှင် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်းနှိုင်းယှဉ်ပါက နောက်ကျကျန်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကျိုး၊ ပြည်သူများ၏အကျိုး မြင့်မားတိုးတက်လာရေးအတွက် တိုင်းပြည်တည်ငြိမ် အေးချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်လာအောင် အမုန်းတရား၊ အာဃာတများကိုဖယ်ရှားပြီး ပူးပေါင်းလက်တွဲလုပ်ဆောင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ပြီးခဲ့သည့် NCA (၁၀)နှစ်ပြည့်အခမ်းအနားတွင် "ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်အနေဖြင့် အလေးထား စောင့်ထိန်းလိုက်နာသွားမည်ဖြစ်ကြောင်း၊ လူနည်းစု၏ သဘောထားကို အလေးထားရမည်ဖြစ်သော်လည်း လူအများစု၏ ဆန္ဒကိုလည်း အားလုံးက လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်၊ ဖြစ်နိုင်သည်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း" နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ NCA သည် တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးပြီး တိုင်းရင်းသားများ၏ တောင်းဆိုချက်များအပေါ်မူတည်၍ ရေးဆွဲထားခြင်းဖြစ်သောကြောင့် NCA စာချုပ်ပါအတိုင်း အပြည့်အဝအကောင်အထည်ဖော်ရန်လိုအပ်သည်။ NCA ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းတွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးမှုများရှိခဲ့သည်။ လက်ရှိအချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ဆက်လက်ဆွေးနွေးမှုမရှိဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

NCA ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရွေးချယ်ခံအစိုးရ၊ လွှတ်တော်ရှိရန်လိုသည်။ NCA ကို စတင်လက်မှတ်ရေးထိုးစဉ်အချိန်က ဒီမိုကရေစီ ပထမအစိုးရကာလဖြစ်ပြီး လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် NCA ဆက်လက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို စနစ်တကျဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ကြောင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများနှင့်အတူ တိုင်းရင်းသားများကလည်း ပါဝင်လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတမှန်ကန်မှုရှိသည့် ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မဲစာရင်းများ မှန်ကန်မှုရှိစေရေး၊ မှားယွင်းမှုမရှိစေရေး၊ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ မဲမသမာမှုများ ပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်ဖြင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကို အောင်မြင်စွာဆောင်ရွက်နိုင်မှသာ မိမိတို့လိုလားသည့်၊ မျှော်မှန်းထားသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ လက်ရှိအချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်၍ အခိုင်မာဆုံးဖြစ်သည်။ တပ်မတော်အနေဖြင့် အခြေခံဥပဒေနှင့်ပတ်သက်၍ ပြင်ဆင်၍ရသည်များကို ပြင်ဆင်နိုင်ရန် သဘောတူထားပြီးဖြစ်သည်။ ကွဲပြားခြားနားမှုများရှိသော်လည်း ဖြစ်သင့်သည်များကို အကောင်းဆုံးဖြစ်အောင် တပ်မတော်က ဆောင်ရွက်မည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ပြည်သူများတောင်းဆိုခဲ့၍ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲစနစ်ကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သလို ယခုလည်း အောင်မြင်အောင် ဆောင်ရွက်ပေးနေသည်။ သို့ဖြစ်ရာ လူနည်းစု တိုင်းရင်းသားများ၏ အခွင့်အရေး မဆုံးရှုံးစေရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိရာ အရေးကြီးသည့် တိုင်းပြည်တည်ငြိမ်အေးချမ်း သာယာဝပြောရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးသောင်းနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၆/၂၀၂၅ (မွန်)၊ ၇/၂၀၂၅ (မွန်) နှင့် တရားမအထူးအယူခံမှု အမှတ် ၃၁/၂၀၂၅ (မန္တလေး)၊ ၃၂/၂၀၂၅ (မန္တလေး)၊ ၃၃/၂၀၂၅ (ကချင်)၊ ၃၄/၂၀၂၅ (ကချင်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၁၆/၂၀၂၅ (မန္တလေး)၊ ၂၃/၂၀၂၅ (ရန်ကုန်)၊ ၂၄/၂၀၂၅ (ရှမ်း) နှင့် ၂၅/၂၀၂၅ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၁ ခု စစ်ဆေးပြီးစီး ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၇-၁၀-၂၀၂၅)ရက်နေ့ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၉-၁၀-၂၀၂၅)ရက်နေ့ ည (၈:၀၀) နာရီမှ (၂၆-၁၀-၂၀၂၅) ရက်နေ့ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လ နှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ၂၇ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ – ၁၀ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၆၀၀ | ၁,၁၂၆ | ၉,၅၇၁,၆၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၀၀ | ၄၇၀ | ၁,၅၉၈,၂၅၀ |
| MCB | ၈,၀၀၀ | ၇,၈၀၀ | ၅၀ | ၃၉၂,၂၀၀ |
| FPB | ၂,၃၀၀ | ၂,၂၀၀ | ၈၅၉ | ၁,၉၀၈,၃၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၂၅၀ | ၇၁၂,၅၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၇၂၆ | ၁,၃၁၃,၈၀၀ |
| AMATA | ၃,၅၀၀ | ၃,၅၀၀ | ၀ | ၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၅၄၇ | ၁,၇၉၀,၁၀၀ |
| MADPL(PLB) | ၂,၈၀၀ | ၂,၇၅၀ | ၁,၄၉၅ | ၄,၁၄၆,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင် ပါဝင်အားဖြည့်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များက "နိုင်ငံ့အကျိုး သယ်ပိုးဆောင်ကြဉ်း၊ သန်းခေါင်စာရင်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာ ထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့် စာရင်းအင်း၊ ကိန်းဂဏန်း အချက်အလက်များ ဖြစ်သောကြောင့် ပိုမိုလေးနက်ပြီး အဓိပ္ပာယ်ရှိသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာသည် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံ စသည့် အခြေအနေများနှင့် မိမိတို့ မြန်မာနိုင်ငံ၏ အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာပါ ကိန်းဂဏန်း အချက်အလက်များသည် ယနေ့ မိမိတို့မည်သို့ အခြေအနေရှိသည်ဆိုသည်ကို ထင်ဟပ်ပြသနေပြီး မနက်ဖြန်တွင်မည်သည့် အခြေအနေ ဖြစ်လာနိုင်မည်ဆိုသည်ကို ညွှန်ပြနေသည့် နိုင်ငံတော်၏ ကြေးမုံပြင်တစ်ချပ်ဟု ပြောရမည်ဖြစ်ကြောင်း။

**ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြသနေ**

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှု သမိုင်းကြောင်းကို ပြန်လည်လေ့လာ သုံးသပ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီ ၁၈၇၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း သန်းခေါင်စာရင်း (၈)ကြိမ် ကောက်ယူခဲ့သည်ကို တွေ့ရှိရကြောင်း၊ လွတ်လပ်ရေးရပြီးနောက် လူဦးရေ သန်းခေါင်စာရင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်တို့တွင် ကောက်ယူခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ဆိုပါက (၄)ကြိမ် ကောက်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယုံကြည်အားထားရသော အချက်အလက်မရှိသည့် နိုင်ငံသည် သံလိုက်အိမ်မြှောင်မပါဘဲ သင်္ဘောကို ထိန်းကျောင်းမောင်းနှင်နေခြင်းနှင့် တူနေသည်ဟုဆိုကြကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းက မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြသနေသည့် သံလိုက်အိမ်မြှောင်ဟု တင်စားလိုကြောင်း၊ ထို့ပြင် သန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံ၏ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများအနေဖြင့် ပိုမိုကောင်းမွန်သည့် ပညာရေးမျှော်မှန်းချက်များ ဖော်ဆောင်ရန်၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ မြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ လူမှုကူညီစောင့်ရှောက်ရေး လုပ်ငန်းများ ချဲ့ထွင်ရန် စသည့်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် သန်းခေါင်စာရင်း အချက်အလက်များသည် ယုံကြည်အားထားရသည့် နိုင်ငံ၏ အသက်သွေးကြောဟု ဆိုနိုင်ကြောင်း။

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကြေးကုန်ကျမှုလည်း များလွန်းသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတော်၏ လက်ရှိ အခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များရရှိရန် အရေးကြီးပြီး ကုလသမဂ္ဂ၏ အကြံပြုချက်အရ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သန်းခေါင်စာရင်းကို (၁၀)နှစ် တစ်ကြိမ် ကောက်ယူရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အခက်အခဲများ၊ စိန်ခေါ်မှုများကြားထဲကပင် သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းတွင် သန်းခေါင်စာရင်း ကောက်ယူခဲ့ပြီးသည့်နောက် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်ပြီး အခြေခံအချက်အလက်အနေဖြင့် ချက်ချင်းအသုံးပြုနိုင်ရန် ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ဦးစွာ ထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ကြောင်း၊

**☆ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာသည် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံ စသည့် အခြေအနေများနှင့် မိမိတို့ မြန်မာနိုင်ငံ၏ အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသ**

**☆ အစီရင်ခံစာပါ ကိန်းဂဏန်းအချက်အလက်များသည် ယနေ့ မိမိတို့မည်သို့အခြေအနေရှိသည် ဆိုသည်ကို ထင်ဟပ်ပြသနေပြီး မနက်ဖြန်တွင် မည်သည့်အခြေအနေ ဖြစ်လာနိုင်မည်ဆိုသည်ကို ညွှန်ပြနေသည့် နိုင်ငံတော်၏ ကြေးမုံပြင်တစ်ချပ်ဟု ပြောရမည်ဖြစ်**

စာမျက်နှာ ၄ သို့ »»






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၃ မှ

ယင်းသန်းခေါင်စာရင်း အချက်အလက်များကို ဆန်းစစ်လေ့လာထားသည့် ကိန်းဂဏန်းအချက်အလက်များနှင့် အညွှန်းကိန်းများပါဝင်သော သန်းခေါင်စာရင်းပင်မအစီရင်ခံစာ ဖြစ်သည့် ပြည်ထောင်စု အစီရင်ခံစာ၊ အသုံးပြုသူများ လွယ်လွယ်ကူကူ ထုတ်နုတ် အသုံးပြုနိုင်မည့် အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းဇယားများကို ယနေ့ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာများတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း အကြောင်းအရာ စသည့် အခန်းကဏ္ဍများပါဝင်ပြီး မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများစွာ ရရှိစေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်လုပ်ငန်းစီမံကိန်းများအတွက်လည်း များစွာအသုံးဝင်မည်ဖြစ်ကြောင်း။

**မဲဆန္ဒရှင်စာရင်း**
**ပြည့်စုံမှန်ကန်ရေး**

ထို့ပြင် လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ရာတွင်လည်း ယခုသန်းခေါင်စာရင်း၏ လူဦးရေကိန်းဂဏန်းများက အထောက်အကူပြုလျက် ရှိကြောင်း၊ သန်းခေါင်စာရင်းက ဖော်ထုတ်ရရှိသည့် ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကို သိရှိခြင်းအားဖြင့် ယင်းတို့နှင့်ပတ်သက်ပြီး လိုအပ်သည့်အစီအမံများ ရေးဆွဲချမှတ်နိုင်ရန် အခြေခံအရင်းအမြစ်များကို ဖန်တီးပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ လိုအပ်သည့်လုပ်သားအင်အားကိုလည်း လေ့ကျင့်မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ လုပ်သား လိုအပ်ချက်များကို အခြေခံပြီး နှစ်စဉ်တက္ကသိုလ်ဝင်ခွင့်နှင့် သက်မွေးပညာဆိုင်ရာ ကျောင်းဝင်ခွင့်များနှင့် ပတ်သက်သည့် လူဦးရေလျာထားတွက်ချက်ရာတွင်လည်း အခြေခံအချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းခွင်များတွင် ကျွမ်းကျင်မှုလိုအပ်သည့်သို့မဟုတ် အရည်အသွေးမြှင့်တင်လိုသည့် လုပ်သားများအတွက်လည်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို လိုအပ်သလို စီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် ပညာရေးနှင့် လုပ်သားအင်အားဆိုင်ရာ အချက်အလက်များကို ချိတ်ဆက်အသုံးပြုပြီး သက်မွေးပညာ သင်ကျောင်းများ တိုးချဲ့ ဖွင့်လှစ်ပေးခြင်းဖြင့်



ပြည်ထောင်စု ဝန်ကြီး ဦးမြင့်ကြိုင် ရှင်းလင်းတင်ပြစဉ်။

ကျွမ်းကျင်မှုရှိသည့် လုပ်သားအရင်းအမြစ်ကို ပျိုးထောင်ပေးနိုင်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းများ မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ပေးရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း လိုအပ်သည့်အချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာစာရင်းအင်း အချက်အလက် ပြည့်စုံမှုသည် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်မှုအရည်အသွေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို သွယ်ဝိုက်ညွှန်းဆိုဖော်ပြနေသည်ဟုဆိုနိုင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအသုံးပြုရန် လိုအပ်သည့် အချက်အလက်များကို သန်းခေါင်စာရင်းကနေရရှိနိုင်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို သန်းခေါင်စာရင်းများကသာ ပံ့ပိုးပေးနိုင်ခြင်းဖြစ်ကြောင်း။

**အခွင့်အလမ်းတစ်ခုဟု**
**မှတ်ယူနိုင်**

သန်းခေါင်စာရင်း၏ ဖော်ပြချက်များသည် မိမိတို့နိုင်ငံ၏ အခွင့်အလမ်းများနှင့်အတူ ယှဉ်တွဲပြီး လုပ်ဆောင်ရမည့်တာဝန်များကိုလည်း တစ်ပါတည်းညွှန်းဆိုဖော်ပြလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများထက် လူဦးရေသိပ်သည်းမှု သိသိသာသာနည်းပါးနေကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များအရ မိမိတို့နိုင်ငံ၏လူဦးရေသည် ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် အနည်းငယ်လျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ ယင်းသည် မွေးဖွားနှုန်းကျဆင်းခြင်း၊ ရွှေ့ပြောင်းသွားလာမှုမြင့်မားလာခြင်းနှင့် မိသားစုပုံစံများ ပြောင်းလဲလာခြင်းတို့ကြောင့် စိန်ခေါ်မှုတစ်ခုဖြစ်သလို အခွင့်အလမ်းတစ်ခုဟုလည်း မှတ်ယူနိုင်ကြောင်း။

ပြည်ပရွှေ့ပြောင်းခြင်းကလည်း မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေ၊ နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းတွင်ရှိသည့် အလုပ်အကိုင် အခွင့်အလမ်းများနှင့် အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုတို့အပေါ် တည်မှီနေခြင်းကြောင့် မိမိတို့နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်ထိန်းညှိနိုင်မည့် စီမံချက်များချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူငယ်များကြားတွင် ပြည်ပရွှေ့ပြောင်းသွားလာမှုများ မြင့်မားနေသော်လည်း တစ်ချိန်က မွေးနှုန်းမြင့်မားခဲ့သည့် အကျိုးဆက်ကြောင့် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေသည်လည်း ယခုတွင် များပြားနေဆဲဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် Demographic Bonus ဟုခေါ်သည့် လူဦးရေဆုလာဘ်ရရှိနေဆဲကာလ ဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေဆုလာဘ်ရရှိနိုင်သည့် အချိန်ကာလမကုန်ဆုံးမီ ၎င်းလူငယ် လူရွယ်များကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မှန်ကန်ထိရောက်စွာ အကျိုးရှိရှိ ဆောင်ရွက်နိုင်ရန် စီမံပေးရန် အရေးကြီးကြောင်း။

ကမ္ဘာ့နိုင်ငံ တော်တော်များများတွင် လူငယ်များကို မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားများဖြစ်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့လူငယ်များကို အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် အနာဂတ်တွင် လူဦးရေဆုလာဘ်၏ ကောင်းကျိုးများကို ဖမ်းဆုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ လူငယ်များကို လျစ်လျူရှုထားပါက Demographic Burden နှင့်အတူ တည်ငြိမ်အေးချမ်းမှု လျော့နည်းလာနိုင်သလို အဆိုးဆုံးအခြေအနေအဖြစ် Demographic Disaster ဖြစ်သွားနိုင်ကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်၊ သယံဇာတ အရင်းအမြစ်များနှင့် လိုက်လျောညီထွေဖြစ်မည့် ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ်ပေါ်လာစေရန် မိမိနိုင်ငံနှင့် ကိုက်ညီသည့် လူဦးရေမူဝါဒများကို ရေးဆွဲချမှတ်ပြီး မျိုးဆက်တစ်ခုစာ ကြိုတင်မြော်တွေးကာ ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုရေတွင်းတူး ယခုရေကြည်သောက်ချင်၍ မရနိုင်ကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို ပြည်ပအကူအညီမပါဘဲ ပြည်တွင်းအားဖြင့် အောင်မြင်အောင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည့်အတွက် နိုင်ငံအတွက် ဂုဏ်ယူရမည့် အမျိုးသားရေးလုပ်ငန်းစဉ် အောင်မြင်မှုတစ်ရပ် ဖြစ်ကြောင်း၊ ယနေ့ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားသည် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်သည့် စုပေါင်းအားဖြင့် ဆောင်ရွက်ခဲ့သည့် အောင်မြင်မှုအဖြစ် ကမ္ဘာ့အလယ်တွင် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခြင်းလည်းဖြစ်ကြောင်း။

မိမိရှေ့တွင်ဆိုခဲ့သည့်အတိုင်း ၂၀၂၄ သန်းခေါင်စာရင်း အစီရင်ခံစာသည် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒချမှတ်နိုင်ရန် လမ်းပြမြေပုံတစ်ခုအဖြစ် အကျိုးရှိရှိ အသုံးပြုရန်အရေးကြီးကြောင်း၊ ယင်းကိန်းဂဏန်း အချက်အလက်များကို ဆန်းစစ်လေ့လာသုံးသပ်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် လူငယ်လူရွယ်များ အရည်အသွေး မြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးကြရန်၊ ပညာရေးကို လုပ်သားဈေးကွက် လိုအပ်ချက်များနှင့် ချိန်ညှိပေးပြီး ခိုင်မာသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ထူထောင်ပေးကြရန်၊ နည်းပညာနှင့် မောင်းနှင်သည့် အနာဂတ်ဖြစ်စေရန် မိမိတို့၏ လုပ်သားအင်အားကို ပြင်ဆင်နိုင်အောင် ကြိုးစားကြရန်၊

စာမျက်နှာ ၅ သို့ »»»

- ☆ **ကမ္ဘာ့နိုင်ငံတော်တော်များများတွင် လူငယ်များကို မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားများဖြစ်လာသည်ကို တွေ့ရမည်**
- ☆ **ယနေ့ မိမိတို့လူငယ်များကို အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် အနာဂတ်တွင် လူဦးရေဆုလာဘ်၏ ကောင်းကျိုးများကို ဖမ်းဆုပ်နိုင်မည်**
- ☆ **ထိုသို့မဟုတ်ဘဲ လူငယ်များကိုလျစ်လျူရှုထားပါက** Demographic Burden **နှင့်အတူ တည်ငြိမ်အေးချမ်းမှု လျော့နည်းလာနိုင်သလို အဆိုးဆုံးအခြေအနေအဖြစ်** Demographic Disaster **ဖြစ်သွားနိုင်**

»»» စာမျက်နှာ ၄ မှ

သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ တည်ထောင်ပေးကြရန်၊ နိုင်ငံတွင်း၌ ရေရှည်တည်တံ့ပြီး အရည်အသွေးရှိသည့် အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် ရွှေ့ပြောင်းခြင်းကို အကျိုးရှိအောင် စီမံခန့်ခွဲပေးကြရန်၊ မိမိတို့နိုင်ငံ၏ လူဦးရေဖွဲ့စည်းမှုနှင့်အညီ မြေ၊ ရေနှင့် သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိမျှတစွာအသုံးပြုနိုင်အောင်စီမံပေးကြရန်၊ ယနေ့ကျောင်းစာသင်ခန်းတွင် ရှိနေသည့် ကလေးတိုင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပခုံးပြောင်းပုံဖော်မည့် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ်မှတ်ယူပြီး ပညာရေးကို မြှင့်တင်ပေးကြရန် မှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များကို မူဝါဒ၊ စီမံကိန်းများရေးဆွဲချမှတ်သူများ၊ အချက်အလက်အသုံးပြုသူများအားလုံး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ယနေ့ထုတ်ပြန်ပါကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းရလဒ်များကို အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး **"မြန်မာ့ပုံရိပ်ကို ထင်ဟပ်ဖော်ညွှန်းမည့် ၂၀၂၄ သန်းခေါင်စာရင်း"** အမည်ရသည့် သန်းခေါင်စာရင်း လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ ယိမ်းအဖွဲ့များက "နိုင်ငံ့အကျိုးမျှော်ကိုးရည် ရှေ့သို့လှမ်းချီပန်းတိုင်ဆီ" သီချင်းဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ယိမ်းအဖွဲ့များက "ငြိမ်းချမ်းကြစို့ ရွှေပြည်မြန်မာ" သီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များက "အောင်မြင်ခြင်း မင်္ဂလာ" သီချင်းဖြင့်လည်းကောင်း သီဆို၊ ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်း အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၂၇**

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit သည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် အမှတ်(၉၄) ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ယနေ့မွန်းလွဲပိုင်းက သွားရောက်လက်မှတ် ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit ကံတော်ကုန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ ကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit သည် ကံတော်ကုန်ချိန်တွင် အသက် ၉၃ နှစ်ရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၇**

အလယ် အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်ပေးရာတွင် သမိုင်းကြောင်း အတွေ့အကြုံပေါ်မူတည်ပြီး "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှုသဘောတရားများကို သိရှိနားလည်စေရေးတို့အတွက် ဦးတည် လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ မိမိအလုပ်အပေါ်သစ္စာရှိရန်၊ နိုင်ငံတော်အပေါ်သစ္စာရှိရန်နှင့် မိမိတို့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး အနာဂတ် နိုင်ငံတော်အကျိုးကို တတ်စွမ်းသည့်ဘက်မှ ဖော်ဆောင်သွားကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် စည်းကမ်းရှိ၍ စနစ်တကျ လုပ်ဆောင်နိုင်သော၊ မိမိတို့၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သော ဝန်ထမ်းကောင်းများ ဖြစ်ရန်လိုကြောင်း မှာကြားသည်။

အလယ် အလတ်အဆင့် အရာထမ်းသင်တန်း၊ အမှတ်စဉ်(၁၄)ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၁၈ ရက်ထိ သင်တန်းသား ၄၇ ဦး၊ သင်တန်းသူ ၄၄ ဦး စုစုပေါင်း ၉၁ ဦးဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်ပြုပြင်မွမ်းမံလှူဒါန်းမှု လွှဲပြောင်းအပ်နှံ

**မန္တလေး အောက်တိုဘာ ၂၇**

ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်(၃)ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အောင်မြင်စွာပြီးမြောက်၍ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ခွဲစိတ်ကုသဆောင်(၃)တွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယကောင်စစ်ဝန်ချုပ် Mr.Zhang Wei၊ မန္တလေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(ကုသရေး) ဒေါက်တာမျိုးသန့်ခိုင်၊ ဆေးရုံအုပ်ကြီးဒေါက်တာဆန်းလွင်ဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ခွဲစိတ်ကုသဆောင်(၃)အတွင်း ပြုပြင်မွမ်းမံပြီးစီးမှုနှင့် တက်ရောက်ဆေးကုသခံယူနေမှုများကို လှည့်လည်ကြည့်ရှုပြီး နှစ်နိုင်ငံအထိမ်းအမှတ်ပြုပြင်ပြီး ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။




ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ကိုးထပ်ဆောင်၊ မန်းတောင်ရိပ်ခန်းမတွင် ဆက်လက်ကျင်းပရာ ဒုတိယကောင်စစ်ဝန်ချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(ကုသရေး)က နှုတ်ခွန်းဆက်စကားပြောကြားကာ ဒုတိယကောင်စစ်ဝန်ချုပ်က လုပ်ငန်းပြီးစီးမှုနှင့် ပတ်သက်၍ သက်ဆိုင်သည့်စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက မန္တလေးအခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယကောင်စစ်ဝန်ချုပ်၊ Myanmar-China Oil and Gas Pipeline Co.,Ltd.၊ Myanmar Conch Cement Co.,Ltd.၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ကူညီဆောင်ရွက်**

ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်(၃)ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၊Myanmar-China Oil and Gas Pipeline Co., Ltd. နှင့် Myanmar Conch Cement Co., Ltd. အဖွဲ့သုံးဖွဲ့တို့က ပူးပေါင်းလှူဒါန်း၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း၏ ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဇူလိုင် ၁၇ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် လုပ်ငန်းပြီးစီးကာ ယနေ့လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၁၆၀၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တက်ညီ၊ လက်ညီ . . . . . ဒီမိုကရေစီ ပန်းတိုင်ဆီသို့

မင်းခန့်

ဒီနေ့၊ ဒီအချိန်၊ ဒီကာလမှာ နိုင်ငံတော်နဲ့ ပြည်သူအားလုံးရဲ့ ပန်းတိုင်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးပဲဖြစ်ပါတယ်။ ဒီပန်းတိုင်ကို အမြန်ရောက်ရှိဖို့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးဟာ အလွန်အရေးကြီးတဲ့အတွက် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ရှိအောင် တပ်မတော်က လမ်းကြောင်းခင်းပေးလျက်ရှိနေပါတယ်။ တပ်မတော်က ခင်းပေးတဲ့လမ်းကြောင်းမှာ ပါတီစုံဒီမိုကရေစီစနစ်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ရွေးကောက်ပွဲ လုပ်ငန်းစဉ်ဟာ အလွန်အင်မတန်အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖို့အတွက် ရွေးကောက်ပွဲဆိုတာ မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်သလို နိုင်ငံတော်ကို ဦးဆောင်မယ့် အုပ်ချုပ်ရေးယန္တရား အပြောင်းအလဲအတွက် အချိုးအကွေ့တစ်ခုလည်းဖြစ်ပါတယ်။ ဒီအချိုးအကွေ့ ညင်သာဖို့အတွက် ရွေးကောက်ပွဲတစ်ခုဟာ လွတ်လပ်ပွင့်လင်းပြီး တရားမျှတဖို့လိုသလို ပါဝင်သူ Stakeholder နဲ့ မဲဆန္ဒရှင်ပြည်သူအများ လက်ခံနိုင်ဖို့လိုပါတယ်။ အငြင်းအခုံနဲ့ မကျေနပ်မှုတွေ ရှိနိုင်သော်လည်း ပြဋ္ဌာန်းထားတဲ့ ရွေးကောက်ပွဲဥပဒေတွေနဲ့အညီ ရွေးကောက်ပွဲအနိုင်ရရှိသူတွေက အုပ်ချုပ်ရေးယန္တရားနဲ့ ဥပဒေပြုရေးမဏ္ဍိုင်တွေကို ထိခိုက်ပွန်းတိုက်မှု အနည်းဆုံးနဲ့ ညင်သာစွာကူးပြောင်းနိုင်ဖို့ အလွန်အင်မတန်အရေးကြီးလှပါတယ်။

> **ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ဖို့အတွက် ရွေးကောက်ပွဲဆိုတာ မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်သလို နိုင်ငံတော်ကို ဦးဆောင်မယ့် အုပ်ချုပ်ရေးယန္တရား အပြောင်းအလဲအတွက် အချိုးအကွေ့တစ်ခုလည်းဖြစ်ပါတယ်။ ဒီအချိုးအကွေ့ ညင်သာဖို့အတွက် ရွေးကောက်ပွဲတစ်ခုဟာ လွတ်လပ်ပွင့်လင်းပြီး တရားမျှတဖို့လိုသလို ပါဝင်သူ Stakeholder နဲ့ မဲဆန္ဒရှင်ပြည်သူအများ လက်ခံနိုင်ဖို့လိုပါတယ်။ အငြင်းအခုံနဲ့ မကျေနပ်မှုတွေရှိနိုင်သော်လည်း ပြဋ္ဌာန်းထားတဲ့ ရွေးကောက်ပွဲဥပဒေတွေနဲ့အညီ ရွေးကောက်ပွဲအနိုင်ရရှိသူတွေက အုပ်ချုပ်ရေးယန္တရားနဲ့ ဥပဒေပြုရေးမဏ္ဍိုင်တွေကို ထိခိုက်ပွန်းတိုက်မှု အနည်းဆုံးနဲ့ ညင်သာစွာကူးပြောင်းနိုင်ဖို့ အလွန်အင်မတန် အရေးကြီးလှပါတယ်**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကပေးခဲ့တဲ့ သင်ခန်းစာအရ ပြည်သူလူထုထောက်ခံမှု အများစုရရှိနေမှုကို အခိပ္ပာယ်ကောက်လွဲပြီး အုပ်ချုပ်ရေးယန္တရားနဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို အလုံးစုံချုပ်ကိုင်ပြီး အာဏာရမ္မက်ကြီးမားခဲ့တဲ့ NLD ပါတီခေါင်းဆောင်ပိုင်းရဲ့ လွဲမှားတဲ့ ဆုံးဖြတ်ချက်တွေနဲ့ တည်ဆဲအခြေခံဥပဒေကို ကျော်လွန်ပြီး နိုင်ငံတော်အာဏာကို အဓမ္မရယူဖို့ ကြိုးစားခဲ့ကြပါတယ်။ အကျိုးဆက်ကတော့ မဲမသမာမှုအကြီးအကျယ်လုပ်ခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲဟာ တရားမျှတမှု မဖြစ်ခဲ့သလို ညင်သာတဲ့အချိုးအကွေ့မဖြစ်ခဲ့တာ အားလုံးတွေ့မြင်သိရှိ ခံစားနေကြရပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲ သမိုင်းတစ်လျှောက်မှာ အမည်းစက်ကြီးဖြစ်ခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုများဟာ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးထက် လွှတ်တော်အတွင်းမှာ တစ်ပါတီတည်းက လွှမ်းမိုးပြီး အာဏာကြီး ၃ ရပ်ကို ချိန်ခွင်လျှာ ထိန်းညှိထားတဲ့ဟန်ချက်ကို ပျက်စီးစေမယ့် ဆိုးကျိုးကို ဦးတည်ခဲ့ပါတယ်။ လွတ်လပ်ပွင့်လင်းပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဟာ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးအတွက် အသက်သွေးကြောဖြစ်သလို ဒီရွေးကောက်ပွဲကို တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ပေးရတဲ့ အာဏာရအစိုးရနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ရဲ့ ဂုဏ်သိက္ခာနဲ့လည်း သက်ဆိုင်နေပါတယ်။

ဒါကြောင့် လာမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲ၊ အောင်မြင်တဲ့ရွေးကောက်ပွဲကြီး ဖြစ်စေပြီး ရွေးကောက်ပွဲကတစ်ဆင့် ဖြစ်ပေါ်လာမယ့် ရွေးကောက်ခံအစိုးရကို ညင်သာစွာ ကူးပြောင်းပေးဖို့ လက်ရှိအစိုးရက ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

> **ယခုရွေးကောက်ပွဲကို သုံးကြိမ်ခွဲပြီး ကျင်းပမှာဖြစ်လို့ ပထမအကြိမ်မှာ ၁၀၂ မြို့နယ်၊ ဒုတိယအကြိမ်မှာ မြို့နယ် ၁၀၀ နဲ့ တတိယအကြိမ်မှာ ၇၂ မြို့နယ်ဖြစ်လို့ ရွေးကောက်ပွဲကျင်းပဖို့ မြို့နယ်ပေါင်းဟာ ၂၇၄ မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိလို့ လတ်တလော မကျင်းပနိုင်မယ့်မြို့နယ်က ၅၆ မြို့နယ်သာဖြစ်ပြီး ဒါလည်း ကြားဖြတ်ရွေးကောက်ပွဲပြန်လည်ကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ ဒါဆိုရင် ရွေးကောက်ပွဲရဲ့ တရားဝင်မှု (Legitimacy)ကို စဉ်းစားတွေးခေါ်တတ်သူတိုင်းက နားလည်သဘောပေါက်လောက်မယ်လို့ ပြောရပါမယ်**

ဒီလိုအချိန်၊ ဒီလိုကာလမှာ ပြည်ပကို ထွက်ပြေးတိမ်းရှောင်ပြီး နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်လမ်းစဉ်နဲ့ရယူဖို့ ကြိုးစားနေတဲ့ အကြမ်းဖက်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက ရွေးကောက်ပွဲ မဖြစ်ပေါ်လာစေရေး နည်းလမ်းမျိုးစုံနဲ့ နှောင့်ယှက်ဟန့်တားမှုတွေ ပြုလုပ်နေတာကို သတိပြုကြရမှာဖြစ်ပါတယ်။

**အမှန်စင်စစ် အဲဒီအဖျက်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေဟာ နိုင်ငံတော်ရဲ့အချိုးအကွေ့ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသူတွေဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်စေချင်သူတွေဖြစ်လို့ အာဏာရူးသူတွေသာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အလွန်အရုပ်ဆိုး အကျည်းတန်ခဲ့တဲ့ တရားမဝင်တော့တဲ့ ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ပြီး ၎င်းတို့အုပ်ချုပ်မှသာ စစ်မှန်တဲ့ အစိုးရဖြစ်မယ်ဆိုတဲ့ နိုင်ငံရေးရေချိန်နိမ့်ပါးတဲ့ အတွေးအခေါ် အယူအဆရှိသူများသာဖြစ်ပါတယ်။ လက်ရှိသူတို့ရဲ့ သဘောထားတွေနဲ့ လုပ်ဆောင်ချက်တွေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်တိုက်ခိုက်နေတဲ့ အကြမ်းဖက်၊ အဖျက်အမှောင့်သမားတွေသာဖြစ်ပြီး ပြည်သူလူထုရဲ့ လိုလားတောင့်တချက်ကို နှောင့်ယှက်ဟန့်တားသူ အဖျက်အမှောင့်သမားတွေဖြစ်လို့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ရန်သူတွေဖြစ်ပါတယ်။** တိုင်းရင်းသားလက်နက်ကိုင် အမည်ခံထားပြီး နယ်တစ်နယ်၊ ဓားတစ်စင်းလုပ်ချင်တဲ့ လက်နက်ကိုင်သူပုန်အဖွဲ့တချို့ကလည်း ရွေးကောက်ပွဲကြီးဖြစ်ပေါ်လာမှာကို ကြောက်ရွံ့နေကြပါတယ်။ ဒါကြောင့်လည်း ပြည်သူအများစု လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ဖြစ်ပေါ်မလာရေးအတွက် ရွေးကောက်ပွဲကြီးကို မဖြစ်မနေနည်းမျိုးစုံနဲ့ ဟန့်တားနှောင့်ယှက် ကောလာဟလတွေ ထုတ်လွှင့်နေကြပါတယ်။

အဲဒီအဖျက်သမားတွေရဲ့ ကောလာဟလထုတ်လွှင့်မှုတွေကြောင့် ယခုလို ရွေးကောက်ပွဲအကြိုကာလမှာ ပြည်သူလူထုအတွင်း မေးခွန်း ၃ ခု ဖြစ်ပေါ်နေပြီး စိုးရိမ်ပူပန်မှုတွေ ရှိနေပါတယ်။ အဲဒီ မေးခွန်း ၃ ခုကတော့-

- **မေးခွန်း(၁) - လုံခြုံရေးအခြေအနေများအရ တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်အများအပြား ရွေးကောက်ပွဲ မပြုလုပ်နိုင်ပါက ရွေးကောက်ပွဲရဲ့တရားဝင်မှု (Legitimacy) ထိခိုက်နိုင်ပါသလား။**
- **မေးခွန်း(၂) - ရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ်ဦးရေ ပြည့်မီခြင်းမရှိပါက လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းနှင့် အစိုးရဖွဲ့စည်းခြင်းတို့ကို ဘယ်လိုဆက်လုပ်မလဲ။**
- **မေးခွန်း(၃) - ဟိုလူမပါလို့၊ ဒီပါတီဝင်မပြိုင်လို့ စစ်မှန်တဲ့ ရွေးကောက်ပွဲ ဖြစ်နိုင်ပါ့မလား။**

ဆိုတဲ့ မေးခွန်းတွေပဲ ဖြစ်ပါတယ်။

ဒီမေးခွန်း ၃ ခုဟာ လာမယ့်ရွေးကောက်ပွဲကို ထောက်ခံသူ၊ မထောက်ခံသူကြားမှာ ဝေဖန်ထောက်ပြမှုများရှိနေသလို ရွေးကောက်ပွဲ ဆန့်ကျင်နေသူတို့က ဒီအချက်များကို ထောက်ပြပြီး ရွေးကောက်ပွဲကို အကြီးအကျယ် အပုပ်ချတိုက်ခိုက်နေတာ မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ ပြည်တွင်းသာမက ပြည်ပနိုင်ငံအသီးသီးနဲ့ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာနေကြတဲ့ အဖွဲ့များကလည်း ဒီမေးခွန်းများကို စိတ်ဝင်တစား သိချင်နေကြပါတယ်။ ဒါကြောင့်လည်း ဒီမေးခွန်း ၃ ခု အဖြေကို ရှင်းလင်းဖြေကြားပေးလိုက်ရပါတယ်။

မေးခွန်းနံပါတ်(၁)ရဲ့ အဖြေကတော့ ရှင်းပါတယ်။ လုံခြုံရေးအခြေအနေအရ မဲဆန္ဒနယ်အများအပြား ရွေးကောက်ပွဲမလုပ်နိုင်လို့ ရွေးကောက်ပွဲရဲ့တရားဝင်မှု (Legitimacy) မထိခိုက်နိုင်ပါဘူး။ လုံးဝ မထိခိုက်ဘူးဆိုတာ ရဲရဲကြီးပြောရဲပါတယ်။ ဘာကြောင့်လဲဆိုတာကို အတိုဆုံးဖြေရရင်တော့ ရွေးကောက်ပွဲကျင်းပရာ မဲဆန္ဒနယ် အရေအတွက်မည်မျှရှိမှ ရွေးကောက်ပွဲ အောင်မြင်အထမြောက်ကြောင်း အခြေခံဥပဒေထဲမှာ ရေးသားဖော်ပြထားခြင်းမရှိလို့ ဖြစ်ပါတယ်။

ပိုမိုရှင်းအောင် ထပ်ရှင်းပြရရင်တော့ အခြေခံဥပဒေ၊ အခန်း (၉) ရွေးကောက်တင်မြှောက်ခြင်းအခန်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များကို ပြဋ္ဌာန်းထားရာ၌ "ပုဒ်မ။ ၃၉၉(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းအား တာဝန်တစ်ရပ်အဖြစ် ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒါကြောင့် အဆိုပါပြဋ္ဌာန်းချက်အရ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိတဲ့ မဲဆန္ဒနယ်များကို ရွှေ့ဆိုင်းကျင်းပခြင်းဟာ အခြေခံဥပဒေနဲ့ ညီညွတ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲတွေကို ၂၀၁၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ်တွင်တစ်ကြိမ် စုစုပေါင်း သုံးကြိမ်နဲ့ ကြားဖြတ်ရွေးကောက်ပွဲများအနေနဲ့ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ် ကျင်းပခဲ့တဲ့ အတွေ့အကြုံများအရ မဲဆန္ဒနယ်အားလုံးရဲ့ ရွေးကောက်ပွဲများကို ရာနှုန်းပြည့်ကျင်းပနိုင်ခြင်း မရှိခဲ့သော်လည်း သက်ဆိုင်ရာလွှတ်တော်များခေါ်ယူခြင်းနဲ့ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရနဲ့ ပြည်နယ်အစိုးရများ ဖွဲ့စည်းခြင်းတို့ကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့တဲ့ သာဓကများရှိတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်များအားလုံး ရွေးကောက်ပွဲ မပြုလုပ်နိုင်ပေမယ့်လည်း လုပ်လို့ရတဲ့မဲဆန္ဒနယ်များကို ရွေးကောက်ပွဲပြုလုပ်ပြီး ရွေးကောက်ခံကိုယ်စားလှယ်များ ရွေးချယ်ခြင်းဟာ ရွေးကောက်ပွဲရဲ့ တရားဝင်မှု (Legitimacy) ကို မထိခိုက်ဘူးဆိုတာ လွယ်ကူရှင်းလင်းစွာ သိရှိနိုင်ပါတယ်။

**စာမျက်နှာ ၇ သို့** ☆

☆ စာမျက်နှာ ၆ မှ

**ယခုရွေးကောက်ပွဲကို သုံးကြိမ်ခွဲပြီး ကျင်းပမှာဖြစ်လို့ ပထမအကြိမ်မှာ ၁၀၂ မြို့နယ်၊ ဒုတိယအကြိမ်မှာ မြို့နယ် ၁၀၀ နဲ့ တတိယအကြိမ်မှာ ၇၂ မြို့နယ်ဖြစ်လို့ ရွေးကောက်ပွဲကျင်းပဖို့ မြို့နယ်ပေါင်းဟာ ၂၇၄ မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိလို့ လတ်တလော မကျင်းပနိုင်မယ့် မြို့နယ်က ၅၆ မြို့နယ်သာဖြစ်ပြီး ဒါလည်း ကြားဖြတ်ရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ ဒါဆိုရင် ရွေးကောက်ပွဲရဲ့ တရားဝင်မှု (Legitimacy) ကို စဉ်းစားတွေးခေါ်တတ်သူတိုင်းက နားလည်သဘောပေါက်လောက်မယ်လို့ ပြောရပါမယ်။**

မေးခွန်း (၂) အတွက် အဖြေကတော့ အထက်မှာ ဖော်ပြထားသလို ရွေးကောက်ပွဲကျင်းပရာမှာ မဲဆန္ဒနယ် မည်ရွေ့မည်မျှနှင့် ပြည်သူ့ကိုယ်စားလှယ် မည်ရွေ့မည်မျှအရေအတွက်ကို အခြေခံဥပဒေက သတ်မှတ်ထားခြင်းမရှိတာကြောင့် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ မည်မျှသာရှိသည်ဖြစ်စေ၊ အခြေခံဥပဒေက သတ်မှတ်ထားတဲ့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်းကာ လွှတ်တော်အစည်းအဝေးများကို ကျင်းပခြင်း၊ အစိုးရဖွဲ့စည်းခြင်းတို့ကို အခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၁၀၉ အရ၊ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက် မပိုစေရဟူ၍လည်းကောင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ၁၁၀ ထက် မပိုစေရဟူ၍လည်းကောင်း သတ်မှတ်ထားသည်ဖြစ်ရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်မျှပင်ရှိသည်ဖြစ်စေ တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦးနဲ့ ပူးပေါင်းပြီး သက်ဆိုင်ရာလွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်မှာပဲဖြစ်ပါတယ်။

အစည်းအဝေးအထမြောက်မှုနှင့်ပတ်သက်၍ အခြေခံဥပဒေပုဒ်မ ၁၂၈ (က) အရ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဆိုလိုတာက ရွေးကောက်ပွဲကျင်းပခဲ့တဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်ခံခဲ့ရသော ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များကိုသာ တက်ရောက်ခွင့်ရှိသော စုစုပေါင်းဦးရေတွင် ထည့်သွင်းရေတွက်ရခြင်းဖြစ်ပါတယ်။ **ရွေးကောက်ပွဲကျင်းပခြင်းမရှိတဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်နိုင်ခြင်း မလုပ်နိုင်တဲ့ ကိုယ်စားလှယ်အရေအတွက်အား လွှတ်တော်တက်ရောက်ခွင့်ရှိတဲ့ စုစုပေါင်းကိုယ်စားလှယ်အရေအတွက်မှာ ထည့်သွင်းရေတွက်ခြင်းမပြုပါဘူး။ ဒါကြောင့် ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ခံခဲ့ရသော ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ပြီး လွှတ်တော်လုပ်ငန်းစဉ်များကို အခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်မှာပဲ ဖြစ်ပါတယ်။**

ဆိုလိုတာကတော့ ရွေးကောက်ခံကိုယ်စားလှယ် မည်မျှပင်နည်းသည် များသည်မဆို တပ်မတော်သားကိုယ်စားလှယ်များ၏ အမိန့်နာခံမှု၊ ညီညွတ်မှု၊ နိုင်ငံတော်အရေးအတွက် စိတ်အားထက်သန်စွာလုပ်ဆောင်နိုင်မှုနှင့် တပ်မတော်ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်မှာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်နံပါတ် (၅) မှာ ဖော်ပြခဲ့သည့်အတိုင်း "ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်" သွားနိုင်မှာဖြစ်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို အောင်အောင်မြင်မြင် ဆက်လက်တည်ဆောက်သွားနိုင်မှာပဲ ဖြစ်ပါတယ်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ဖယ်ထားပြီး ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းတွေရဲ့ စာရင်းပေးမှုအင်အားမှာ ၅၀၂၃ ဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်အတွက် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၈၃၅ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၂၇၃၃ ဦးနဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၁၀၆ ဦး စုစုပေါင်းအင်အား ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)က စိစစ်ချက်အရ ကိုယ်စားလှယ်လောင်းအချို့ လျော့နည်းနိုင်သော်လည်း ထိခိုက်နိုင်စရာမရှိပါဘူး။**

ရွေးကောက်ပွဲစနစ်ကလည်း ပြည်သူ့လွှတ်တော်တစ်ခုတည်းသာ အနိုင်ရသူ အကုန်ယူစနစ် (First past the post – FPTP) စနစ်သွားပြီး ကျန်လွှတ်တော်များအတွက် ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional Representation–MMP) ဖြင့် သွားမှာဖြစ်လို့ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်အသီးသီးမှ ရွေးချယ်ခံကိုယ်စားလှယ်လောင်းအသီးသီးကလည်း လွှတ်တော်အတွင်းသို့ အချိုးကျစနစ်အရ ဝင်ရောက်လာမှာဖြစ်တဲ့အတွက် စတင်ကျင်းပမယ့် ပြည်ထောင်စုလွှတ်တော်မှာ သိက္ခာရှိသော လွှတ်တော်၊ အငြင်းပွားဖွယ်မရှိ လွှတ်တော်အဖြစ် ထင်ထင်ရှားရှား တွေ့မြင်ရတော့မှာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ **ဟိုလူမပါလို့၊ ဒီပါတီမပြိုင်လို့ဆိုတဲ့ မေးခွန်းမေးသူတွေကတော့ ပုဂ္ဂိုလ်ရေးခံစားချက်ကို ရှေ့တန်းတင်သူများဖြစ်ပါတယ်။ ဒီမိုကရေစီရေချိန်နိမ့်ပါးပြီး ပုဂ္ဂိုလ်ရေးကိုးကွယ်သူများရဲ့ အမြင်သဘောထားဖြစ်ပါတယ်။ ပြည်သူတွေ လိုလားတဲ့စနစ်က ပါတီစုံဒီမိုကရေစီဖြစ်တဲ့အတွက် တစ်ပါတီတည်းက ကြီးစိုးပြီး လူပုဂ္ဂိုလ်ပေါ် အမှီသဟဲပြုလွန်းရင် အာဏာရှင်စနစ်သာ ပြန်ဖြစ်သွားမှာဖြစ်ပါတယ်။ တစ်ပါတီအာဏာရှင်စနစ်နဲ့ လူပုဂ္ဂိုလ်တစ်ဦးတည်းကိုသာ အားပြုထားလို့ အစိုးရအဖွဲ့ရဲ့ စွမ်းဆောင်ရည်နိမ့်ကျခဲ့တဲ့**

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ဖယ်ထားပြီး ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းတွေရဲ့ စာရင်းပေးမှုအင်အားမှာ ၅၀၂၃ ဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်အတွက် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၈၃၅ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၂၇၃၃ ဦးနဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၁၀၆ ဦး စုစုပေါင်းအင်အား ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)က စိစစ်ချက်အရ ကိုယ်စားလှယ်လောင်းအချို့ လျော့နည်းနိုင်သော်လည်း ထိခိုက်နိုင်စရာမရှိပါဘူး**

**အတွေ့အကြုံတွေကို ခံထားခဲ့ဖူးတာကြောင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ ပါတီတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦး မပါဝင်တာနဲ့ အဲဒီရွေးကောက်ပွဲကို တရားမဝင်ဘူးလို့ သတ်မှတ်လို့မရနိုင်ပါဘူး။** လက်ရှိမကြာမီ ကျင်းပပြုလုပ်တော့မယ့် ရွေးကောက်ပွဲမှာ တည်ဆဲဥပဒေနဲ့အညီ ဖွဲ့စည်းတည်ထောင် ဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီ(၅၇) ပါတီ၊ လွှတ်တော် ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ရှိနေပါတယ်။ အဲဒီပါတီများနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ထောက်ခံအားပေးနေတဲ့ ပါတီဝင်များဟာလည်း မြန်မာနိုင်ငံသား ပြည်သူလူထုပဲ ဖြစ်ပါတယ်။ သူတို့ပါတီအနိုင်ရရှိရေးနဲ့ ပါတီရဲ့ မူဝါဒလမ်းစဉ်များနဲ့အညီ အစိုးရဖွဲ့စည်းနိုင်ရေး တစ်နည်းအားဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ရေး ကြိုးစားနေကြတာကိုလည်း အသိအမှတ်ပြုကြရမှာ ဖြစ်ပါတယ်။ ဥပဒေနဲ့အညီ မှတ်ပုံမတင်လို့ ပါတီဖျက်သိမ်းခံရခြင်းဟာ သူ့သဘောသူဆောင်ခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲမှာ ပုဂ္ဂိုလ်ရေးခံစားချက်နဲ့ ကိုယ်ကြိုက်နှစ်သက်တဲ့ ပုဂ္ဂိုလ်၊ ကိုယ်ထောက်ခံအားပေးတဲ့ ပါတီအဟောင်းတွေ မပါတာနဲ့ ဒီရွေးကောက်ပွဲဟာ အစစ်အမှန်မဟုတ်ကြောင်း ဝေဖန်ပြောဆိုမှုများဟာ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားနေခြင်းသာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲမှာ ပြည်သူ့ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရတစ်ရပ်ဖြစ်ပေါ်လာပါက လက်ရှိနိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဖျက်အမှောင့်အကြမ်းဖက်သမားတွေအဖို့ ရှေ့ဆက်ရပ်တည်ရန်ခက်ခဲတဲ့အခြေအနေသို့ ရောက်ရှိနိုင်တဲ့အတွက် အကြမ်းဖက်သောင်းကျန်းသူ၊ ဝရမ်းပြေး ပြည်ပြေး အဖျက်အမှောင့်အုပ်စုများက ရွေးကောက်ပွဲကို ဆန့်ကျင်ကြောင်း၊ မပျက်ပျက်အောင်ဖျက်ဆီးရမယ့်အကြောင်းတွေ လှုံ့ဆော်မှုတွေ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပါတယ်။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ပြည်သူတွေ စိုးရိမ်ထိတ်လန့်နေမှသာ သူတို့ ရှင်သန်ရပ်တည်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ဘဝပေါင်းများစွာကို ချနင်းပြီး သူတို့သာ အာဏာပြန်လည်ရရှိရေး နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင် နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေတဲ့ ပြည်ပြေးအုပ်စုများရဲ့ အဟန့်အတား၊ အနှောင့်အယှက်များကို တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူလူထုအနေနဲ့ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ တက်ညီလက်ညီ စည်းလုံးမှုအင်အားဖြင့် တုံ့ပြန်ဆန့်ကျင်သွားရန် လိုအပ်လှပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် အရေးကြီးတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဘက်ပေါင်းစုံကနေ ကြိုးပမ်းလုပ်ဆောင်နေချိန်မှာ ပြည်တွင်းပြည်ပ အဖျက်အမှောင့်အုပ်စုများက ရွေးကောက်ပွဲပျက်စီးရာ ပျက်စီးကြောင်း သွေးထိုးလှုံ့ဆော်မှုများ၊ မမှန်မကန်ဝါဒဖြန့်မှုများကို နားမယောင်ကြရန်လည်း သတိပေးနှိုးဆော်လိုပါတယ်။

နိုင်ငံတော်အစိုးရကတော့ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကို နှောင့်ယှက်ခြင်းမှ ကာကွယ်ပေးတဲ့ ဥပဒေများပြဋ္ဌာန်းထားပြီး ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်ပေးကြမယ့် နိုင်ငံ့ဝန်ထမ်းများကို ကာကွယ်ပေးလျက်ရှိပါတယ်။ ဒီဥပဒေဟာလည်း အသက်ဝင်လျက်ရှိပြီး ဒီဥပဒေအရ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသူ ၉၃ ဦးကို ဥပဒေနဲ့အညီ အမှုဖွင့်အရေးယူပြီးဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ရဲ့အချိုးအကွေ့ နိုင်ငံရေးအပြောင်းအလဲမှာ ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့အတွက် ဆန္ဒမဲပေးရာမှာလည်း မိမိတို့ရွေးချယ်မယ့် ရွေးကောက်ခံကိုယ်စားလှယ်များဟာ နိုင်ငံရဲ့အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နဲ့ နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မယ့်သူများကို ရွေးချယ်ပေးကြဖို့ကိုလည်း အသိပေးလိုပါတယ်။

နိုင်ငံတော်အစိုးရက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်မဖြစ်မနေ ကျင်းပမယ့်အကြောင်း အတိအလင်းကြေညာချိန်ကစပြီး ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးများအပါအဝင် နိုင်ငံများစွာတို့မှ နိုင်ငံ့ခေါင်းဆောင်များက အသိအမှတ်ပြု အားပေးထောက်ခံကြသလို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ စေလွှတ်ပေးသွားမယ်လို့လည်း သိရပါတယ်။

ပြည်သူများအနေနဲ့လည်း **နိုင်ငံတော်ရဲ့ အနာဂတ်ကို တည်ငြိမ်အေးချမ်းစွာ ပုံဖော်နိုင်မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အာမခံချက်ပေးနိုင်မယ့် စစ်မှန်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ခြင်းဖြင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တာဝန်သိနိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကို ကျေပွန်ဖို့ လိုအပ်လှပါတယ်။** မိမိတို့ရဲ့အဖိုးတန်တဲ့ နိုင်ငံသားအခွင့်အရေးကို လက်တွေ့အသုံးချကြပြီး တစ်မျိုးသားလုံးရဲ့ စုစည်းညီညွတ်သော စွမ်းအားနဲ့ အဖျက်သမားတို့ရဲ့အန္တရာယ်ကို တွန်းလှန်ပြီး မိမိတို့အားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီပန်းတိုင်ကို အောင်မြင်စွာရောက်ရှိအောင် ဟန်ချက်ညီညီ တက်လှမ်းကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ ရွေးကောက်ပွဲ၊ အောင်မြင်တဲ့ ရွေးကောက်ပွဲကြီးဖြစ်ပေါ်လာစေရေးနဲ့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကျေပွန်စေရေးအတွက် ရွေးကောက်ပွဲအကြိုကာလနဲ့ ရွေးကောက်ပွဲကာလတွေမှာ ကျရာကဏ္ဍမှ တက်ညီလက်ညီ ပါဝင်ပူးပေါင်းကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လန်ချန်း-မဲခေါင် ရွှေရောင်အနာဂတ်များဆီသို့ ရုပ်သံမှတ်တမ်း အစီအစဉ်အတွက် တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြား

နေပြည်တော် အောက်တိုဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ့ရုပ်မြင်သံကြားနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ Yunnan Media Group (YMG) တို့ ပူးပေါင်းရိုက်ကူးလျက်ရှိသည့် "လန်ချန်း-မဲခေါင် ရွှေရောင်အနာဂတ်များဆီသို့" ရုပ်သံမှတ်တမ်း အစီအစဉ်တွင် ပြန်ကြားရေးကဏ္ဍမှတစ်ဆင့် တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတိုးမြှင့်လာစေရန် ဆောင်ရွက်ပေးမှုနှင့်စပ်လျဉ်း၍ ပူးပေါင်းရိုက်ကူးရေးအဖွဲ့၏ တွေ့ဆုံမေးမြန်းမှုကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်း၌ လက်ခံဖြေကြားသည်။



ထိုသို့ လက်ခံဖြေကြားရာတွင် "မဲခေါင်-လန်ချန်း" ပူးပေါင်းစီမံကိန်းသည် မဲခေါင်ဒေသခွဲနိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပြီး ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါကြောင်း၊ ၂၀၀၈ ခုနှစ်တွင် CCTV နှင့်ပူးပေါင်း၍ "မဲခေါင်-လန်ချန်း ခရီးသွား အစီအစဉ်"နှင့် ၂၀၁၉ ခုနှစ်တွင် YMG နှင့်ပူးပေါင်း၍ "တောင်ပိုင်းပိုးလမ်းမသစ်ကြီး မှတ်တမ်းရုပ်ရှင်" တို့ကို ရိုက်ကူးထုတ်လုပ်ခဲ့ပြီး နှစ်ဖက်ရုပ်သံလိုင်းများတွင် ပြသခဲ့ပါကြောင်း၊ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ကျင်းပခဲ့သည့် Twin City Media Forum ကိုလည်း ဝန်ကြီးဌာနများ၊ ပြင်ပမီဒီယာများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ဦးဆောင်ကာ နှစ်နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံမီဒီယာများအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှု ဖလှယ်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မီဒီယာကဏ္ဍဖြင့် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအပြင် ပြည်သူအချင်းချင်း ဆက်ဆံရေးကိုလည်း ပိုမိုမြှင့်တင်ပေးနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုခိုင်မြဲစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

"လန်ချန်း-မဲခေါင် ရွှေရောင်အနာဂတ်များဆီသို့" ရုပ်သံမှတ်တမ်း အစီအစဉ်ကို လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း၏ ရှစ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင် ၆ နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အထင်ကရစီမံကိန်းများနှင့် အောင်မြင်မှုများကို မှတ်တမ်းတင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ Yunnan Media Group (YMG) တို့ ပူးပေါင်းရိုက်ကူးလျက်ရှိသည့် တစ်နှစ်တာစီမံကိန်းဖြစ်ပြီး တစ်ပိုင်းလျှင် မိနစ် ၃၀ ဖြင့် အပိုင်းငါးပိုင်း ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရုပ်သံမှတ်တမ်းအစီအစဉ်တွင် မြန်မာနိုင်ငံအတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းအရ ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ အဆင့်မြှင့်တင်မွမ်းမံ ပြင်ဆင်ခြင်း၊ ဒလတံတား တည်ဆောက်ခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC)တွင် နည်းပညာဆိုင်ရာ သုတေသနဆောင်ရွက်ခြင်းနှင့် မန္တလေးမြေလျှင်ကြီးအတွင်း တရုတ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ကယ်ဆယ်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းမှုများအား ရိုက်ကူးခဲ့ပြီး ရန်ကုန်ဆိပ်ကမ်းအား ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်းနှင့် အဆိုပါ ရုပ်သံမှတ်တမ်းအစီအစဉ်အား တည်းဖြတ်ပြီးစီးပါက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်ဖက်ရုပ်သံလိုင်းများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးကော်မတီအစည်းအဝေး ကျင်းပ

ထားဝယ် အောက်တိုဘာ ၂၇

တနင်္သာရီ တိုင်းဒေသကြီး အမျိုးသမီးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီး အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်က မြန်မာနိုင်ငံရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးအမျိုးသမီးကော်မတီအနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ချမှတ်လိုက်သည့် မူဝါဒများနှင့် လမ်းညွှန်ချက်များကို အခြေခံပြီး တိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီဝင်များက တိုင်းဒေသကြီးအတွင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကလောမြို့ မောမြေဦးပန်းခြံနှင့် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကျင်းပမည့်ကွင်းအား စစ်ဆေး

ကလော အောက်တိုဘာ ၂၇

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့မောမြေဦးပန်းခြံနှင့် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကျင်းပမည့် ကွင်းအား ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ကလောခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အများပြည်သူအပန်းဖြေလာရောက်ကြသည့် ကလောမြို့ မောမြေဦးပန်းခြံ၌ ဒီဇင်ဘာလအတွင်း ပန်းပွဲတော်ပြုလုပ်မည်ဖြစ်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကလောမြို့ ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ပြုလုပ်မည့် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် မှန်ဆောင် ပွဲကြည့်စင် တည်ဆောက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

တောင်ကြီး အောက်တိုဘာ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ ကလောချောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းများ တားဆီးကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေးအသိပညာပေးဟောပြောပွဲကို ကလောမြို့ မြို့နယ်ခန်းမ၌ကျင်းပသည်။



အခမ်းအနားတွင် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလွင်က တစ်ခါသုံး ပလတ်စတစ်အပါအဝင် ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမရှိစေရေး၊ စနစ်တကျ ခွဲခြားစွန့်ပစ်ရေးနှင့် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့အတူ တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ကလောမြို့မဈေးအတွင်းရှိ ဈေးဆိုင်များနှင့် ဈေးဝယ်သူများအား အသိပညာပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ၊ Recycle Bag များ ဖြန့်ဝေပြီး ဟဲဟိုးမြို့ အခြေခံပညာအထက်တန်းကျောင်း(အင်းခေါင်း)တွင် တစ်ခါသုံး ပလတ်စတစ် သုံးစွဲမှုလျှော့ချခြင်းခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**စိုးလင်း(တောင်ကြီး)**



အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးနေဖြိုးဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၆ ရက်တွင် ဝါစက်ရုံများ၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးပြီး အရေးပေါ်မီးလောင်မှု၊ မီးလန့်မှုများဖြစ်ပွားပါက မီးငြိမ်းသတ်ရေးနည်းလမ်းများနှင့် ဆောင်ရန်ရှောင်ရန် လိုက်နာရမည့်အချက်များကို အသိပညာပေးပြောကြားစဉ်။ မျိုးသိန်း(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၆၀ ရက်**

**သာ လိုတော့သည်။**

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## ရန်ကုန်တိုင်းဒေသကြီး လှူငယ်စင်တာ၌ သက်ကြီးအဘိုးအဘွားများအား ကျန်းမာရေးဆေးကုသမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၇**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဆောင်ရွက်သည့် သက်ကြီးအဘိုးအဘွားများအား အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဆေးကုသမှု



လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

အဆိုပါ သက်ကြီးအဘိုးအဘွားများအား အထူးကု ဆရာဝန်ကြီးများက ကျန်းမာရေး ဆေးကုသခြင်း ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ကော်မတီဝင်များက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

သက်ကြီး အဘိုးအဘွားများအား အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဆေးကုသမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် သာကေတမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားမှ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ သာကေတမြို့နယ်အတွင်းရှိ အသက်(၇၀)နှင့် အထက် အဘိုးအဘွားများနှင့် ရပ်ကွက်နေ ပြည်သူ ၈၀၀ ကျော်တို့အား အစာအိမ်အူလမ်းကြောင်းရောဂါ၊ သားဖွားမီယပ်ရောဂါ၊ ဆီးနှင့် ကျောက်ကပ်ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးရောဂါ၊ အရေပြားရောဂါ စသည့် ရောဂါအမျိုးအစား ၁၅ မျိုးကို သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများက အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၂၇**

အောက်တိုဘာ ၂၇ ရက် နံနက် ၇ နာရီ ၅၅ မိနစ် ၅၂ စက္ကန့် တွင် ညောင်ဦး မြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဂန့်ဂေါမြို့၏ အရှေ့တောင်ဘက် ၂၈ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၆ ဒီဂရီ၊ အနက် ၃၈ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## သီပေါမြို့၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်ဆက်လက်လက်ခံ၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး၊ ပြည်သူ့ဆေးရုံအားပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၇**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှု ယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ သီပေါမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းကို အောက်တိုဘာ ၂၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ရာ အောက်တိုဘာ ၂၅ ရက်အထိ အခြေခံပညာကျောင်းလေးကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိသည်။ ယနေ့တွင်ကျောင်းသားကျောင်းသူ ၇၁ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၀၂ ဦးအထိ ရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြသည်။

ယင်းအပြင်သီပေါမြို့သို့ပြန်လည်ဝင်ရောက်လာကြသော ဒေသခံပြည်သူများအား တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနကလည်း သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၄၆ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ သုံးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်း တက်ရောက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တပ်ဖွဲ့ဝင် သင်တန်းသားများ၏ လေ့ကျင့်သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်၌ မိုးရာသီစခန်းချလေ့ကျင့်သင်တန်းတက်ရောက်လျက်ရှိသည့် တပ်ဖွဲ့ဝင် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ၏ သက်ဆိုင်ရာ လေ့ကျင့်ခန်းများ သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

အဆိုပါသင်တန်း၌ သင်တန်းသားများသည် ခေါင်းဆောင်မှုဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်နှင့် အခြားသောသက်ဆိုင်ရာဘာသာရပ်များကို ဆွေးနွေးပို့ချ သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး သင်တန်းသားများသည် ပြင်ပလေ့လာရေးများဖြစ်သည့် တပ်မတော်(လေ)နှင့် ပတ်သက်သည့် လေ့လာရေးများနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မှော်ဘီ)သို့ လေ့လာရေးခရီးစဉ်များ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် သင်တန်းသားများသည် ညနေပိုင်းသင်ခန်းစာပို့ချမှု ပြီးဆုံးချိန်များတွင် ဘော်လီဘောကစားခြင်း၊ ဘောလုံးကစားခြင်းနှင့် အခြားသော ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းများ ပြုလုပ်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားမှုးရုံးကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များကလည်း ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ အဆိုပါသင်တန်း၌ မိုးရာသီစခန်းချလေ့ကျင့်ရေး သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ ဆက်လက်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီးမော့ဆိုမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ် လွိုင်ကော်မြို့ပေါ်ရှိ ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများပေးအပ် နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၇**

KNPP/ KNDF/PDF အကြမ်းဖက် သောင်းကျန်းသူများသည် ကယားပြည်နယ် အတွင်းရှိ မြို့နယ်များနှင့် ကျေးလက်ဒေသများပါမကျန် သာသနိက အဆောက်အအုံများ၊ တက္ကသိုလ်များ၊ ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ အိုးအိမ်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်းများကို ရက်စက်ယုတ်မာရိုင်းစိုင်းစွာ ပြုလုပ်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့/ရွာ အေးချမ်းသာယာရေးအတွက် အဆိုပါနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် လမ်းဘေးဝဲ/ယာ ချုံနွယ်များကို တပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ဇော်မင်းလတ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ကယားပြည်နယ် လွိုင်ကော် တပ်နယ်ခန်းမ၌ လွိုင်ကော်မြို့ပေါ် ကျောင်းများမှ ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဗိုလ်ချုပ်ဇော်မင်းလတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်ချုပ်ဇော်မင်းလတ်က အမှာစကားပြောကြားသည်။ ယင်းနောက် ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တိုင်းမှူးတို့က စားသောက်ဖွယ်များ ပေးအပ်ရာ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများက လက်ခံရယူကြပြီး ဆရာ ဆရာမများ ကိုယ်စား ကျောင်းအုပ်ဆရာကြီး တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ဗိုလ်ချုပ်ဇော်မင်းလတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့အပြင် ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံရှိ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် လူနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပေါင်မြို့နယ်အတွင်း မီးဘေးလုံခြုံရေး အသိပညာပေး

ပေါင် အောက်တိုဘာ ၂၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မီးသတ်ဦးစီးဌာနမှ ကဒါရပ်ကွက် မင်္ဂလာဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် အသိပညာပေးကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

**လမ်းညွှန်မှာကြား**

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုကြရန်၊ မတော်တဆမီးလောင်မှုဖြစ်ပွားပါက ပြည်သူများကိုယ်တိုင် မီးငြိမ်းသတ်နိုင်သည့် နည်းစနစ်များ၊ မီးဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် အသက်အန္တရာယ် မထိခိုက်စေရေး ဆောင်ရွက်ရမည့်အချက်များနှင့် မီးလောင်ပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ် စသည်တို့ကို စစ်ဆေးအကြံပြုမှာကြားခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

ရေတာရှည် အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ပြည်တွင်းအခွန်ဦးစီးဌာနမှ ပြုလုပ်သော အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်မင်းအောင်က ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်ကဏ္ဍတစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊



အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ မီးဘေးအန္တရာယ် မကျရောက်စေရန်နှင့် ကြုံတင်ကာကွယ်နိုင်ရန်အတွက် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကိုယ်ကိုယ်တိုင်က တံတားဆောက်လမ်းဖောက်တာမျိုးမလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထလမ်းဖောက်သူ ပြည်သူများအား သတ်ဖြတ်နေသည့်အကြမ်းဖက်များ"**ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၉ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီ တွင် **"ဘယ်သူတွေဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေအောင်မြင်အောင် လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

### လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
### ပြန်လည်ထူထောင်ရေးဦးစီးဌာန
### လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

## ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ် အမှတ် (၁၆) ထုတ်ဝေ

**နေပြည်တော် အောက်တိုဘာ ၂၇**

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန် ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန်စာအုပ် အမှတ်(၁၆)ကို ထုတ်ဝေပြီး ဖြစ်သည်။

ဥပဒေ ဘာသာပြန်အဖွဲ့ကို ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေအရ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာပြန်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။

ဥပဒေဘာသာပြန်ကော်မရှင် အဖွဲ့သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိရာ သင်္ဘောကုန်တင်တန်ဆာများ အက်ဥပဒေ (The Bills of Lading Act) ၊ ခရိုင်ခိုင်ကြေးအက်ဥပဒေ (The District Cesses Act)၊ သေစေနိုင်သော မတော်တဆ ထိခိုက်မှုများအက်ဥပဒေ (The Fatal Accidents Act)၊ မြန်မာနိုင်ငံ ကူးလက်မှတ်အက်ဥပဒေ (The Myanmar Passport Act)၊ အဆိပ်များအက်ဥပဒေ (The Poisons Act)၊ ဘာသာရေးအသင်းအဖွဲ့များအက်ဥပဒေ (The Religious Societies Act) တို့ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပြီး




အဆိုပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် ဥပဒေ ဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၁၂ အရ မူလစာမူနှင့် အလားတူ အာဏာတည်ကြောင်း ဥပဒေဘာသာပြန် ကော်မရှင်၏ အမိန့်အမှတ် ၂/ ၂၀၂၅ ဖြင့် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါ ဘာသာပြန်ဆိုပြီးသည့် ဥပဒေ ခြောက်ခုကို စုစည်း၍ ဥပဒေဘာသာပြန်စာအုပ် အမှတ် (၁၆) အဖြစ် ပြုစုထုတ်ဝေခြင်းဖြစ်ပြီး မြန်မာဘာသာပြန်ဆိုချက်များကို မူလစာမူနှင့် ယှဉ်တွဲဖတ်ရှုလေ့လာနိုင်ရန် မူလအင်္ဂလိပ်စာမူကိုလည်း ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။

ဥပဒေရေးရာ ဝန်ကြီးဌာနက ထုတ်ဝေသည့် ဥပဒေဘာသာပြန်စာအုပ် အမှတ်(၁၆)သည် တရားဝင် ကိုးကားသုံးစွဲနိုင်သည့် စာအုပ်တစ်အုပ်ဖြစ်သည့်အပြင် ဥပဒေပညာရှင်များ၊ ရှေ့နေ ရှေ့ရပ်များနှင့် ဥပဒေပညာကို လေ့လာလိုက်စား လိုသူများအတွက် အသုံးဝင်မည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးမြို့၌ လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စစ်တမ်းဖြေဆိုခြင်းဆွေးနွေးပွဲ ကျင်းပ

**မကွေး အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စစ်တမ်းဖြေဆိုခြင်း ဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မကွေးတက္ကသိုလ်ဘက်စုံခန်းမ၌ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာဇော်ဦးက လူငယ်မဟာဗျူဟာဖိုရမ် ၂၀၂၅ပါ ပထဝီ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အဆင့်မြင့်ပညာရေးတွင် သုတေသနအရေးပါမှုအကြောင်းအရာများကို ဟောပြောပို့ချဆွေးနွေးခဲ့သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လူငယ်ကိုယ်စားလှယ်များနှင့် ကျောင်းသား ကျောင်းသူများက လူငယ်စစ်တမ်းများကို ဖြေဆိုခဲ့ကြပြီး စစ်တမ်းစစ်ဆေးတွေ့ရှိချက်အချို့နှင့် သုတေသနအခွင့်အလမ်းများအကြောင်းကို မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## မိုးနဲမြို့နယ် ပန်အူ-စက်တော်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မိုးနဲ အောက်တိုဘာ ၂၇**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်သည် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့်အတူ အောက်တိုဘာ ၂၅ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် Glowing Twin Star Co.,ltd. မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော (ပန်အူ-စက်တော်လမ်း)ကတ္တရာခင်းခြင်းလုပ်ငန်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## ကျောက်တန်းမြို့နယ်၌ အကြိုအခြေခံမီးသတ်ပညာ သင်တန်းဖွင့်

**ကျောက်တန်း အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးရုံး အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ် (၄/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၇ နာရီက ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ် (၁) ရပ်ကွက် မဟာစည် သာသနာ့ရိပ်သာ အလယ်ကျောင်းတိုက် အတွင်းရှိ သာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားမြို့ အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်က သဘာဝဘေးအန္တရာယ်များနှင့် မီးလောင်မှုဖြစ်ပွားလာပါက မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်နိုင်ကြရန် လမ်းညွှန်မှာကြားသည်။



**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းနှင့် သင်တန်းနည်းပြကြီးကြပ်သူများ၊ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် ဖြစ်ကြောင်း သိရသည်။

**ဝင်းစိုး(ကျောက်တန်း)**

❖

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်

# စစ်တွေမြို့၌ ယာယီနေရပ်စွန့်ခွာတိုင်းရင်းသားများအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်

**စစ်တွေ အောက်တိုဘာ ၂၇**

တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းသားများအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ယခုသင်တန်းတွင် သင်တန်းသူတစ်ဦးချင်းအတွက် သင်ထောက်ကူပစ္စည်းများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် အကောင်းဆုံးဆောင်ရွက်နိုင်သည့် သင်တန်းသူများကိုလည်း ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းနည်းပြများအနေဖြင့် သင်တန်းသူများအပေါ် စေတနာထားပြီး အကောင်းဆုံးသင်ကြားပြသပေးကြရန် တိုက်တွန်းပြောကြားပြီး အခြေခံစက်ချုပ်သင်တန်းအတွက် ချီးမြှင့်ငွေကျပ် ၁၉၆ သိန်း ပေးအပ်သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# လှိုင်ကော်မြို့၌ အမျိုးသမီးအိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်

**လှိုင်ကော် အောက်တိုဘာ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီး ဌာန လှိုင်ကော်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းစိုးအောင်က သက်မွေးပညာကဏ္ဍအနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်း ကိုးကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်း ၄၇ ကျောင်း ဖွင့်လှစ်ထားရှိကြောင်း၊ သင်တန်းတွင် ခေတ်နှင့်လျော်ညီသည့် စက်ချုပ်သင်ခန်းစာများ၊ လက်မှု ဘာသာရပ်များ၊ မုန့်လုပ်နည်းဘာသာရပ်များကိုသင်ကြားပေးမည်ဖြစ်ရာ သင်တန်းသူများအနေဖြင့် ဘာသာရပ်အလိုက် သင်ခန်းစာများကို မိမိတို့လူမှုစီးပွားဘဝတွင် ပြန်လည်အသုံးချနိုင်သည်အထိ ကြိုးစားသင်ယူသွားကြရန် ပြောကြားသည်။




ဆက်လက်၍ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (လှိုင်ကော်) ကျောင်းအုပ်ကြီးက အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားမည့် သင်တန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းတွင် သင်ကြားမည့် နမူနာလက်ရာများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ကယားပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသူ ၂၀ အား စက်ချုပ်ဘာသာရပ် ၂၀၊ လက်မှုပညာဘာသာရပ်ရှစ်မျိုးနှင့် မုန့်လုပ်နည်း ငါးမျိုးတို့ကို အောက်တိုဘာ ၂၈ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၂၆ ရက် အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပုသိမ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်

**ပုသိမ် အောက်တိုဘာ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ပုသိမ်)တွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁၁)နှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၁၁) သင်တန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခန့်မွန်ဆွေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က သင်တန်းကျောင်းအတွက် ချီးမြှင့်ငွေကျပ်ငါးသိန်းကို ပေးအပ်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် အခမ်းအနားတက်ရောက်လာသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းသုံး သင်ထောက်ကူပစ္စည်းများအား ကြည့်ရှုအားပေးကြပြီး အဆိုပါသင်တန်းများ၌ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မေချို**



# လပွတ္တာမြို့နယ်၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်



**လပွတ္တာ အောက်တိုဘာ ၂၇**

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာခရိုင် (၃)မိုင်မြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းနှင့် စက်မှုလက်မှုပညာ သင်တန်းကျောင်းတို့တွင် ယနေ့နံနက် ၉ နာရီက သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်တန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလွင်ကိုဦးက သင်တန်းအဖွင့်မိန့်ခွန်း ပြောကြားပြီး အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ် သင်တန်း အမှတ်စဉ်(၁၁)တွင် တက်ရောက်ကြမည့် သင်တန်းသူ ၂၀ နှင့် စက်မှုလက်မှုပညာ သင်တန်းကျောင်း ဆောက်လုပ်ရေးသင်တန်း အမှတ်စဉ်(၁၃)၊ လျှပ်စစ်သင်တန်း အမှတ်စဉ်(၂၀)၊ ဂဟေသင်တန်း အမှတ်စဉ်(၂၀)၊ မော်တော်ယာဉ်စက်ပြင် သင်တန်း အမှတ်စဉ်(၁၅)နှင့် လက်ကိုင်ဖုန်းပြင်သင်တန်း အမှတ်စဉ်(၁၇) တို့တွင် တက်ရောက်ကြမည့် သင်တန်းသား ၃၀ တို့ကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပင်လောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပင်လောင်း အောက်တိုဘာ ၂၇**

ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး) ဦးရဲခေါင်ထွန်း၊ စီမံကိန်း စစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမင်းလတ်၊ နှင့် မြို့နယ်တာဝန်ခံတို့က ပင်လောင်းမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ၂၂၇ ဒသမ ၁၂၈ သန်းဖြင့် နောင်တရား- မီးလောင်ကုန်း-နန်းပါလင်း ကတ္တရာလမ်းနှင့် ပြည်နယ်ရန်ပုံငွေ ၁၁၃ ဒသမ ၈၅ သန်းဖြင့်PPECကုမ္ပဏီကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် သံတဲဘုရားပေါ် မြေနီကုန်းလမ်းပေါ်ရှိ ပေ ၄၀ တံတား တည်ဆောက်ခြင်း ပထမအပိုင်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ဂါဇာဒေသပြန်လည်ထူထောင်ရေး ပါလက်စတိုင်းဒုတိယသမ္မတနှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆွေးနွေး

**ကိုင်ရို အောက်တိုဘာ ၂၇**

ဂါဇာဒေသ ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ ပါလက်စတိုင်းဒုတိယသမ္မတ ဟူစိန် အယ်လ်ရှိတ်နှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီတို့အကြား အောက်တိုဘာ ၂၆ ရက်က ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အီဂျစ်၌ လာမည့်လတွင်ကျင်းပမည့် ဂါဇာဒေသပြန်လည်ထူထောင်ရေး ညီလာခံဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများအပါအဝင် ပါလက်စတိုင်းဒေသခံများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေး၊ ရန်ပုံငွေထူထောင်ရေးနှင့် နိုင်ငံတကာအကူအညီများရရှိရေး ဆောင်ရွက်မှုများကို တာဝန်ရှိသူများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။

ပါလက်စတိုင်းများ သွေးစည်းညီညွတ်ရေးအတွက် ဆောင်ရွက်ရန်နှင့် ဒုတိယသမ္မတ အယ်လ်ရှိတ်အား ရွေးကောက်ပွဲကျင်းပမည့်ကာလအထိ ယာယီသမ္မတခန့်ထားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ယခုဆွေးနွေးပွဲသည် ကိုင်ရိုတွင် အောက်တိုဘာ၂၃ ရက်က ကျင်းပသည့် ဂါဇာဒေသပြန်လည်ထူထောင်ရေး ဟားမတ်စ်နှင့် ပါလက်စတိုင်းလှုပ်ရှားမှုအဖွဲ့ ဖာတာတို့အကြား ဆွေးနွေးပွဲပြီးနောက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပါလက်စတိုင်းအဖွဲ့အစည်းများအကြား အောက်တိုဘာ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည့် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးကို ပံ့ပိုးကူညီရန် အောက်တိုဘာ ၂၃ ရက်က ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးရရှိခဲ့ပြီးနောက် အစ္စရေး၏ စစ်ရေးလှုပ်ရှားမှုများရပ်တန့်ခဲ့သည်။ ဂါဇာဒေသတွင်ဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကြောင့် ဒေသခံ ၆၈၀၀၀ ကျော် သေဆုံးခဲ့ကာ ၁၇၀၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



ပါလက်စတိုင်းဒုတိယသမ္မတ ဟူစိန်အယ်လ်ရှိတ်



အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီ



# အစ္စရေးနိုင်ငံတောင်ပိုင်း၌ အထူးအခြေအနေကြေညာခြင်းအား ရုပ်သိမ်းမည်

**ဂျေရုဆလင် အောက်တိုဘာ ၂၇**

အစ္စရေးနိုင်ငံတောင်ပိုင်း၌ အထူးအခြေအနေကြေညာခဲ့ခြင်းအား ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားသည်။

အစ္စရေးတပ်မတော်၏ အကြံပြုချက်အရ အထူးအခြေအနေကြေညာထားခြင်းကို အောက်တိုဘာ၂၈ ရက် နံနက်ပိုင်းမှစတင်၍ ရုပ်သိမ်းမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်က ပြောသည်။

နိုင်ငံတောင်ပိုင်းတွင် လုံခြုံရေးအခြေအနေကောင်းလာသည့်အတွက် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောသည်။

လက်ရှိအချိန်တွင် ဓားစာခံများပြန်လည်လွတ်မြောက်လာခြင်းနှင့်အတူ ဟားမတ်စ်အဖွဲ့၏ လက်နက်များကိုလည်း ဖျက်ဆီးခဲ့ကာ ဂါဇာဒေသကိုလည်း စစ်မက်ကင်းသည့် ဒေသတစ်ခုဖြစ်လာစေရေး ဆောင်ရွက်ခဲ့ကြောင်း အစ္စရေးကတ်က ပြောသည်။ ရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ဂါဇာဒေသတွင်တိုက်ခိုက်မှုများ ဆောင်ရွက်ခြင်းကို အစ္စရေးက ခွင့်ပြုမည်မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောသည်။ လွတ်လပ်သည့်နိုင်ငံဖြစ်သည့် အစ္စရေးနိုင်ငံတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်က ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ပြောသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဂျပန်နိုင်ငံ အေကီတာစီရင်စုတွင် ဝက်ဝံပစ်ခတ်နှိမ်နင်းရေး ဆောင်ရွက်မည်

**တိုကျို အောက်တိုဘာ ၂၇**

ဂျပန်နိုင်ငံမြောက်ပိုင်း အေကီတာစီရင်စုတွင် ဝက်ဝံတိုက်ခိုက်ခံရမှုများလာသဖြင့် ဝက်ဝံများအား ပစ်ခတ်နှိမ်နင်းရန်အတွက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အား ဒေသန္တရတာဝန်ရှိသူများက အကူအညီတောင်းခဲ့ကြောင်း သိရသည်။

အေကီတာစီရင်စုအုပ်ချုပ်ရေးမှူး ဆူဇူကီးကန်တာသည် ကာကွယ်ရေးဝန်ကြီး ကိုအိဇုမိရှင်ဂျီရိုအား အောက်တိုဘာ ၂၈ ရက်တွင် တွေ့ဆုံကာ ၎င်းကိစ္စရပ်ကိုဆွေးနွေးမည်ဖြစ်သည်။ ဒေသတွင်း ဝက်ဝံတိုက်ခိုက်မှုကြောင့် ဒေသခံနှစ်ဦးသေဆုံးကာ ၅၂ ဦး ဒဏ်ရာရရှိခဲ့သည်။ လက်ရှိအချိန်တွင် ဝက်ဝံများအား ပစ်ခတ်နှိမ်နင်းရန်ခွင့်ပြုသည့် ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသောကြောင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များသည် ဝက်ဝံပစ်ခတ်နှိမ်နင်းရေးလုပ်ငန်းများတွင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ဆူဇူကီးကန်တာက ပြောကြားသည်။

သို့ရာတွင် ဒေသတွင်းဝက်ဝံတိုက်ခိုက်မှုများများလာသဖြင့် ပစ်ခတ်နှိမ်နင်းရန် လိုအပ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ယခင်ကာလအတွင်းက တောရိုင်းတိရစ္ဆာန်များအား ဒေသန္တရတာဝန်ရှိသူများ၏ တောင်းဆိုမှုကြောင့် ပစ်ခတ်နှိမ်နင်းရခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ကီဟာယာမိနိုရူက ပြောသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**




# ဗီယက်နမ်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်



**ဟနွိုင်း အောက်တိုဘာ ၂၇**

ဗီယက်နမ်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စိတ်ချယုံကြည်ရမှုနှင့် တာဝန်ယူမှုများကို မြှင့်တင်ခြင်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ရည်တု နည်းပညာဂေဟစနစ်ကို လူသားအခြေခံသည့် လွတ်လပ်လုံခြုံပြီး စဉ်ဆက်မပြတ်သည့် ဂေဟစနစ်ဖြစ်လာစေရေးအတွက် မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံတကာ ဒစ်ဂျစ်တယ်သီတင်းပတ်တွင် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီး ငုယင်မန့်ဟန်းက ပြောကြားသည်။ စဉ်ဆက်မပြတ်သည့် ဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ခိုင်မာသည့် ဉာဏ်ရည်တုဆိုင်ရာ လုပ်ငန်းမူဘောင်၊ ခေတ်မီ အခြေခံအဆောက်အအုံ၊ ဉာဏ်ရည်တု နည်းပညာစွမ်းရည်နှင့် ဉာဏ်ရည်တုနည်းပညာယဉ်ကျေးမှုတို့ကို အခြေခံ ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ဗီယက်နမ်နိုင်ငံသည် ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်မည်ဖြစ်ကာ ပွင့်လင်းမြင်သာမှုရှိသည့် ဉာဏ်ရည်တုနည်းပညာကဏ္ဍကို တည်ထောင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဗီယက်နမ်နိုင်ငံတကာ ဒစ်ဂျစ်တယ်သီတင်းပတ်တွင် ဒစ်ဂျစ်တယ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် တာဝန်ယူမှုရှိသည့် ဉာဏ်ရည်တုနည်းပညာ စီမံခန့်ခွဲရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် မူဝါဒနှင့်လုပ်ငန်းမူဘောင်များ ချမှတ်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - စိုးသူရ**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၁၀၄ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၂၄ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၂၇ ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၅၅ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၀၁၁၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသမီးများကို တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီချမှတ်

**နေပြည်တော် အောက်တိုဘာ ၂၇**

အမျိုးသမီးများကို တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ ဒေါ်ပြည့်(ခ) ဒေါ်ခင်ပြည့်နှင့် ၎င်း၏ သမီးဖြစ်သူ တရုတ်နိုင်ငံနေ မသီတာသောင်းတို့က ၎င်းတို့နှင့် ခင်မင်ရင်းနှီးကြသူများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ မ----၊ ၂၈/၂၀၂၅ နှစ်၊ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်နေ မ----၊ ၂၄/၂၀၂၅ နှစ်နှင့် ရှမ်းပြည်နယ် နောင်ချိုမြို့နေ မ----၊ ၃၀/၂၀၂၅ နှစ်တို့ကို တရုတ်နိုင်ငံသားနှင့် လက်ထပ်ပါက ငွေကျပ် သိန်း ၁၀၀ ရရှိမည်၊ တင်နေသည့်အကြွေးများ ဆပ်ပေးမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရန်အတွက် နိုင်ငံကူးလက်မှတ်အား မြဝတီမြို့၌ သွားရောက်ပြုလုပ်စေခဲ့သည်။

နိုင်ငံကူးလက်မှတ်ရရှိပြီးနောက် ၎င်းအမျိုးသမီး သုံးဦးအနက် နှစ်ဦးကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ MGM ဟိုတယ်တွင် တရုတ်နိုင်ငံသား ဝမ်ရှောင် (WANG XIANG)၊ လျူရှုချန့် (RUCHENG) တို့နှင့် ပေါင်းသင်းနေထိုင်စေပြီး ကျန်တစ်ဦးကို တရုတ်နိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်ရန် စီစဉ်ဆောင်ရွက်နေစဉ်အတွင်း ဖမ်းဆီးရမိသဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်း(ပ)၄၁/၂၀၂၅၊ (ပ)၄၂/ ၂၀၂၅ နှင့် (ပ) ၄၃/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ တို့ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဝမ်ရှောင်(WANG XIANG)၊ လျူရှုချန့် (RUCHENG) တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန်နှင့် တရားခံ ဒေါ်ပြည့်(ခ)ဒေါ်ခင်ပြည့်ကို အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ သီတာသောင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ မသဲသဲအောင်သည် အိုးဝေမောင်းသည့် အလုပ်အားလုပ်ကိုင်စဉ် အိုးဝေငှားရမ်းစီးနင်းသူ မူဆယ်မြို့နေ မသဲယုယနှင့် ခင်မင်ရင်းနှီးခဲ့ရာ မသဲယုယက မိန်းကလေးများကို တရုတ်နိုင်ငံသို့ စိုက်ပျိုးရေး၊ အထည်ချုပ်နှင့် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ပေးသည့် အလုပ်လုပ်ကိုင်ကြောင်း၊ လူရှာပေးပါက တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းပေးမည်ဟု ပြောဆိုသဖြင့် အိုးဝေလာရောက်ငှားရမ်းစီးနင်းသည့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နေသူ မိန်းကလေးနှစ်ဦးနှင့် တစ်ရပ်ကွက်တည်းနေ မိန်းကလေးနှစ်ဦးတို့ကို တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ရုပ်ရည်ပေါ်မူတည်၍ ငွေများများရမည်ဟု စည်းရုံးပြောဆိုကာ ငွေကြေးအကျိုးအမြတ်များရယူ၍ မူဆယ်မြို့နေ မသဲယုယထံပို့ဆောင်ပေးခဲ့သည်။

စစ်ဆေးချက်အရ မသဲယုယက တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ်ပို့ဆောင်ရောင်းစားခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း (ပ) ၈၈/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မသဲသဲအောင်ကို အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မသဲယုယကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့် ရိုက်နှက်ကာ ရွှေတုံးနှင့် ငွေများ ယူဆောင်ခဲ့သည့် အမျိုးသမီးအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၂၇**

ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့် ရိုက်နှက်ကာ ရွှေတုံးနှင့်ငွေများ ယူဆောင်ခဲ့သည့် အမျိုးသမီးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် လမ်း ၇၀ (အေ)၊ ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြားရှိ အိမ်အမှတ် (၁၇၂)နေအိမ်၌ အမျိုးသမီးတစ်ဦး အသတ်ခံရကြောင်း သတင်းအရ ချမ်းမြသာစည်မြို့နယ် အမှတ် (၁၁)နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်ပိုင်ရှင် အငြိမ်းစားစာကြည့်တိုက်မှူး ဒေါ်ခင်စိုးမြင့် ၈၄ နှစ်ကို နေအိမ်မြေညီထပ်ဧည့်ခန်းအတွင်းရှိ ထိုင်ခုံပေါ်တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေပြီး အတူနေ ၎င်း၏ မြေးဖြစ်သူ ဒေါ်အေးအေးခိုင် ၃၆ နှစ်အား မြေညီထပ်ဧည့်ခန်းခုတင်ပေါ်တွင် ဦးခေါင်း၊ ဝဲနားထင်တို့၌ပေါက်ပြဲဒဏ်ရာနှစ်ချက်ရရှိထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း(ပ) ၁၈၉/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/



ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့အား သံရိုက်တူဖြင့် ရိုက်နှက်ကာ ရွှေတုံးနှင့် ငွေများ ယူဆောင်ခဲ့သည့် အမျိုးသမီးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

၃၂၆ ဖြင့် အမှုရေးဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ သေဆုံးသူ၏ တူမတော်စပ်သူ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၃) အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ တွဲဖက်တာဝန်ထမ်းဆောင်နေသည့် အလယ်တန်းပြဆရာမ မစိုးစိုးထွန်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၎င်းအား အောက်တိုဘာ ၂၆ ရက် ညနေ ၅ နာရီကျော်တွင် အခင်းဖြစ်နေအိမ်သို့ ပြန်လည်ရောက်ရှိလာစဉ် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စိုးစိုးထွန်း၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၃ ခုနှစ် ဇူလိုင်လခန့်မှစ၍ နွားထိုးကြီးမြို့နယ်မှ ယာယီနေရပ်စွန့်ခွာ၍ ပြင်ဦးလွင်မြို့၌ အိမ်ငှားရမ်းနေထိုင်ခဲ့ရသဖြင့် ငွေကြေးအခက်အခဲများစွာရှိခဲ့ကြောင်း၊ ၂၀၂၅ ဇူလိုင်လတွင် ၎င်း၏အဒေါ်တော်စပ်ပြီး မိသားစုကဲ့သို့ ရင်းနှီး၍ ဝင်ထွက်သွားလာနေသည့် ဒေါ်ခင်စိုးမြင့်က မန္တလေးမြို့ မြို့သစ်(၅) ရပ်ကွက်ရှိ နေအိမ်အားရောင်းချသည်ကို သိရှိရသဖြင့် ငွေချေးယူခဲ့ရာ ဒေါ်ခင်စိုးမြင့်က အိမ်ရောင်းရငွေ အကျေအလည်ရရှိပါက စီစဉ်ပေးမည်ဟုပြောကြားခဲ့ပြီး ငွေအကျေအလည်ရရှိပြီး အခင်းဖြစ်ပွားခဲ့သည့် နေအိမ်အား ပြန်လည်ဝယ်ယူပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း ၎င်း၏အခက်အခဲအား ဆောင်ရွက်ပေးမှု မရှိကြောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ဒေါ်ခင်စိုးမြင့်က ၎င်းအား ဖုန်းဆက်ခေါ်၍ အခင်းဖြစ်နေအိမ်သို့ ထပ်မံရောက်ရှိနေထိုင်ခဲ့ပြီး အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဒေါ်ခင်စိုးမြင့်၊ တူမတော်စပ်သူ မအေးအေးခိုင်တို့နှင့်အတူ ဈေးဝယ်ထွက်ပြီးနောက် နံနက် ၁၁ နာရီခန့် နေအိမ်သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ နေ့လယ်စာစားပြီးချိန်တွင် မအေးအေးခိုင်မှာ မြေညီထပ်ဧည့်ခန်းအတွင်းရှိ ခုတင်ပေါ်အိပ်ပျော်နေစဉ် နေအိမ်ဝင်ပေါက်အနီး သစ်သားသေတ္တာအတွင်းမှ သံရိုက်တူအားယူဆောင်ကာ မအေးအေးခိုင်အား သုံးချက်ခန့်ထုရိုက်ပြီး ထိုင်ခုံပေါ်ထိုင်နေသည့် ဒေါ်ခင်စိုးမြင့်၏ ဦးခေါင်းငယ်ထိပ်အား တစ်ချက်ထုရိုက်ခဲ့ကြောင်း၊ ထို့နောက် ဒေါ်ခင်စိုးမြင့် အိပ်ခန်းအတွင်းရှိသံသေတ္တာအား တူဖြင့်ရိုက်ဖျက်ကာ သေတ္တာအတွင်းသိမ်းဆည်းထားသည့် "အောင်သမာဓိ" တံဆိပ်ပါ ရွှေ ၁၀ ကျပ်သားတုံး တစ်တုံး၊ အိပ်ရာပေါ်ရှိ ငွေကျပ်သိန်း ၁၀၀ တို့ကို ယူဆောင်ကာ ပြင်ဦးလွင်မြို့သို့ ပြန်လာခဲ့ကြောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဒေါ်ခင်စိုးမြင့်နေအိမ်မှ ယူဆောင်လာသည့် ရွှေတုံးအားရောင်းချကာ ၎င်းချေးငှားထားသည့် ငွေကြေးများ ပြန်လည်ပေးဆပ်သုံးစွဲခဲ့ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရသည်။

ထိုသို့ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့အား သံရိုက်တူဖြင့် ထုရိုက်ခဲ့သည့် စိုးစိုးထွန်းအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းရန်ကျန် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သိရသည်။

**သတင်းစဉ်**

# ဆောင်းရာသီကာလ (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအထိ)အတွက် ယေဘုယျမိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ငါးကြိမ်ဖြစ်ပေါ်နိုင်ပြီး သုံးကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

ဆောင်းရာသီကာလအတွင်း ဒေသအလိုက် မြူထူဆိုင်းလေ့ရှိပြီး ကမ်းရိုးတန်းဒေသများ၊ ကုန်းမြင့်နှင့် တောင်တန်းဒေသတို့တွင် ပိုမိုထူထပ်စွာ မြူထူဆိုင်းတတ်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၅ ပေမှ ၁၀ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၅ ပေမှ ၁၉ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၈ ပေမှ ၁၅ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ခုနစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခွဲခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ခုနစ်ပေမှ ကိုးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ခြောက်ပေမှ ကိုးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် လေးပေမှ ငါးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခုနစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၃ ပေခွဲခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် လေးပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

# ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" ၏ အရှိန်ကြောင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၇

**ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" (MONTHA) အခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း"မွန်ထာ"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက် တောင်ဘက် ရေမိုင် ၅၃၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့ဘက် ရေမိုင် ၂၄၀ ခန့်၊ ကာကီနာဒါမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၆၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း"မွန်ထာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း"မွန်ထာ"သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၃ ဒသမ ၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၄ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း"မွန်ထာ"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၈ ရက်တွင် အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ကာ ယင်းနေ့ညပိုင်းတွင် အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**


အဆိုပါဆိုင်ကလုန်းမုန်တိုင်း"မွန်ထာ"၏ အရှိန်ကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၂၈ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း"မွန်ထာ"၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**၂၇-၁၀-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" (MONTHA) လမ်းကြောင်းပြမြေပုံ**






# ကျွန်းလှမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေး

ကျွန်းလှ အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျွန်းလှမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဇော်လင်းဟန် ဦးဆောင်ကြီးကြပ်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်များအား သတ်မှတ်ထားသည့် မီးငြိမ်းသတ်ရေးပစ္စည်းများထားရှိခြင်းနှင့် ကောင်းမွန်ခြင်းရှိ/မရှိ၊ ရေကန်များရေဖြည့်တင်းခြင်း ရှိ/မရှိတို့ကို စစ်ဆေးပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# စစ်တွေမြို့နယ်၌ အောင်နိုင်တိုးမိုးစပါး စံကွက်ရိတ်သိမ်းမှု ကြည့်ရှုစစ်ဆေး

စစ်တွေ အောက်တိုဘာ ၂၇

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၏ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း မိုးစပါးစိုက်ဧက ၈၅၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယမန်နေ့နံနက်ပိုင်းက စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ပြည်တော်သာကွင်းအမှတ်(၄၆) ဦးပိုင်အမှတ်(၃) လယ်မြေ ၆ ဒသမ ၅၄ ဧကတွင် မိုးစပါးစံကွက်ရိတ်သိမ်းခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် ၆ ဒသမ ၆ ပေပတ်လည် စံကွက်ငယ်အဖြစ် ရိတ်သိမ်းခဲ့ပြီး တစ်ဧကအထွက်နှုန်း ၁၅၁ ဒသမ ၁၃ တင်း အစိုထွက်ရှိခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)






# ကျွန်းစုမြို့၌ မိုးစပါးစံကွက်များ ရိတ်သိမ်း

ကျွန်းစု အောက်တိုဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ယခုနှစ်မိုးရွာသီအတွင်း စိုက်ပျိုးခဲ့သော မောင်းလှော်ကျေးရွာရှိတောင်သူဦးမြင့်အောင်၏ မိုးစပါးစိုက်ဧက လေးဧကအား အောက်တိုဘာ ၂၆ ရက် ညနေပိုင်းက စံကွက်ရိတ်သိမ်းခဲ့သည်။

ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးအောင်နှင့် ဝန်ထမ်းများ၊ မောင်းလှော်ကျေးရွာအုပ်ချုပ်ရေးမှူး၊ အကျိုးဆောင်တောင်သူများနှင့်အတူ အောင်နိုင်တိုးစပါးမျိုး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစိုခတ် ၁၇ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပြီး အထွက်နှုန်းမှာ ၁၀၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# တရားမဝင်စက်သုံးဆီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြရန် အသိပေးတိုက်တွန်း

**နေပြည်တော် အောက်တိုဘာ ၂၇**

စွမ်းအင်ဝန်ကြီးဌာန စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့် ရေနံနှင့်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့သည် စက်သုံးဆီများ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းစွာ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင်စက်သုံးဆီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါကလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားမဝင်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချမှု ၅၅၃ ကြိမ်မှ ငွေကျပ်တန်ဖိုး ၁၈၉၂ သန်းကျော် တန်ဖိုးရှိသည့် စက်သုံးဆီ တန်ချိန် ၃၀၃၇ တန်ခန့်ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရကြောင်း စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ သိရသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၀ အရ **"မည်သူမျှ ဤဥပဒေအရ လိုင်စင်ရယူရန် လိုအပ်သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုခုကို သက်ဆိုင်ရာလိုင်စင်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ"** ဟု ပြဋ္ဌာန်းထားသည့်အတွက် တရားမဝင်စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချမှုမရှိစေရေးနှင့် လျော့နည်းပပျောက်စေရေးကို ဥပဒေနှင့်အညီ ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့များနှင့်ပူးပေါင်းပြီး စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်းနှင့် တရားမဝင်စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းမရှိစေရေး အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တရားဝင်လုပ်ငန်းလိုင်စင်ရယူ၍ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်သော်လည်း ဥပဒေပြဋ္ဌာန်းချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ (က) အရ **သတိပေးခြင်း၊** ပုဒ်မ ၃၄ ပုဒ်မခွဲ(ခ)အရ **သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊** ပုဒ်မ ၃၄ ပုဒ်မခွဲ (ဂ) အရ **လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊** ပုဒ်မ ၃၄ ပုဒ်မခွဲ (ဃ) အရ လိုင်စင်ကို **အမြဲတမ်းရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း** စသည့်အရေးယူမှုများကို ဆောင်ရွက်နိုင်ကြောင်း သိရသည်။

စက်သုံးဆီများအား တရားမဝင်သယ်ယူသိုလှောင် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများသည် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းများမဟုတ်သဖြင့် မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ကာ နိုင်ငံတော်နှင့် အများပြည်သူပိုင်ပစ္စည်းများ ဆုံးရှုံးနိုင်ခြင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာနိုင်ခြင်း၊ အများပြည်သူအနေဖြင့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီသည့် စက်သုံးဆီများ မသုံးစွဲနိုင်ခြင်းစသည့် ထိခိုက်နစ်နာမှုများအပြင် ဥပဒေနှင့်လည်း ညီညွတ်ခြင်းမရှိသဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ဥပဒေနှင့်အညီ သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်များ ရယူဆောင်ရွက်ကြရန် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးတိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကလောမြို့နယ်၌ မိုးစပါးစိုက်ခင်းကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကလော အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဝါးရုံပင်ကျေးရွာအုပ်စု ဝါးရုံပင်ကျေးရွာတွင် ရွှေရင်အေး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်မှ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်တိုဘာ ၂၅ ရက်တွင် မိုးစပါးစီမံကိန်း (သက်တံ့ရောင်စီမံကိန်း) သီးနှံစိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် ရွှေရင်အေး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်းလီမိတက်မှ စိုက်ကွင်းအမှတ် (၂)၊ အသင်းသား ၁၉ ဦးတွင် ရွှေရင်အေးစပါးမျိုး ဧက ၁၀၀ စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး အသင်းမှ လိုအပ်သော ငွေကြေးအရင်းအနှီး၊ သွင်းအားစုများ ပြတ်လပ်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

## မြောက်ဥက္ကလာပမြို့နယ် သူနာပြုသင်တန်းကျောင်း၌ မီးဘေးအန္တရာယ် ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသ

**ရန်ကုန် အောက်တိုဘာ ၂၇**

မြောက်ဥက္ကလာပ မြို့နယ် သူနာပြုသင်တန်းကျောင်းတွင် မီးဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြသခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျောင်းတွင် ပြုလုပ်ခဲ့သည်။



မြောက်ဥက္ကလာပ မြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးနိုင်သူရစိုးက မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရန်များ၊ မီးလောင်မှု ဖြစ်ပွားစဉ် ရှောင်ရှားသင့်သည့် အချက်များနှင့် လိုက်နာရန် အချက်များ၊ မီးသတ်ဆေးဘူး သုံးစွဲနည်းများစသည့် အကြောင်းအရာများကို အသိပေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများအား ဂက်(စ်)မီးဖိုကို မီးငြိမ်းသတ်ပုံ၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံများ၊ အဝတ်စိုဖြင့် မီးငြိမ်းသတ်မှုများစသည့် မီးငြိမ်းသတ်ပုံအမျိုးမျိုးတို့ကို သင်တန်းသား သင်တန်းသူများ ကိုယ်တိုင်ပါဝင် လက်တွေ့လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၈၀ | ၂၇၅၀ | ၂၆၈၅ | ၂၇၉၀ | ၂၈၀၅ | ၂၈၂၀ | ၂၇၄၀ | ၄၅၀၅ | ၃၀၃၅ | ၂၇၅၅ | ၂၈၀၅ | ၂၈၃၀ | ၂၇၉၅ | ၂၈၀၅ | ၃၀၇၀ |
| 95 Ron | ၂၇၆၀ | ၂၈၇၅ | ၂၈၄၀ | ၂၇၇၅ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | ၄၅၆၀ | ၃၁၂၅ | ၂၈၅၀ | ၂၉၀၀ | ၂၉၂၀ | ၂၈၈၅ | ၂၉၀၅ | ၃၁၆၅ |
| HSD (500 ppm) | ၂၃၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၅ | ၂၄၆၅ | ၃၀၅၀ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၅ |
| HSD (50 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၈၃၀ | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |
| HSD (10 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | - | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၅၉၈ | ၂၆၀၄ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၇၃၂ | ၂၈၁၆ |
| HSD (10 ppm) | ၂၇၃၂ | ၂၈၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## မြန်အောင်မြို့ မြို့မနေခြည်ဈေး၌ မီးဘေးလုံခြုံရေး စစ်ဆေး

**မြန်အောင် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၃)ရပ်ကွက် ပရိက္ခရာလမ်းရှိ မြို့မနေခြည်ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်တာဝန်ရှိသူများနှင့် ဈေးကော်မတီအဖွဲ့များပူးပေါင်းကာ ယနေ့နံနက်ပိုင်းက အသိပညာပေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲအောင်နှင့် သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့က မြို့မဈေးအတွင်း မီးဘေးကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးမှာကြားခြင်းနှင့် ဈေးဆိုင်များအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှု အခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ၊ ရေလုံလောက်အောင်ရရှိနိုင်ရေး၊ ဈေးဝန်းကျင် မီးသတ်ရေငုတ်များကိုစစ်ဆေးကာ လိုအပ်သည်များကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရွှေဦးသာ**

# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများကို အထူးကုန်ရထားဖြင့် ပို့ဆောင်

နေပြည်တော် အောက်တိုဘာ ၂၇

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစီအစဉ်ဖြင့် ငလျင်ဘေးဒဏ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများ၊ အမိုးသွပ်ပြားများနှင့် ဘိလပ်မြေများအား အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ် ၉၇၄၀ (တန်ချိန် ၄၈၇ တန်) တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့ဟောင်းဘူတာသို့ ပို့ဆောင်ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကာ တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါ HRB 500 အမျိုးအစား သံချောင်းလုံး တန်ချိန် ၂၂၂၉ ဒသမ ၆၃၀ တန်၊ 4 Angle 0.33 mm အမိုးသွပ်ပြားအချပ်ရေ ၄၉၀၀၀(တန်ချိန် ၂၂၇ ဒသမ ၉၁ တန်)နှင့် ဘိလပ်မြေအိတ် ၉၇၄၀(တန်ချိန် ၄၈၇ တန်) တို့အား ပို့ဆောင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## အသက် (၁၀၁)နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ပူတာအို အောက်တိုဘာ ၂၇

ကချင်ပြည်နယ် ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ တပ်သားဆန်ဒေါင်းဖောင်(အငြိမ်းစား)အား ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အသက် (၁၀၁)နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ပေးအပ်သည်။

ဦးစွာ တာဝန်ရှိသူများက အသက် (၁၀၁)နှစ်ပြည့် တပ်သားဆန်ဒေါင်းဖောင် (အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြု ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ ငှက်ပျောသီးနှံ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေး



**မြစ်ကြီးနား အောက်တိုဘာ ၂၇**

ကချင်ပြည်နယ် အတွင်း ငှက်ပျောသီးနှံတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် အရည်အသွေးမြင့်မားသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ နည်းပညာပေး ဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းစိုးက စိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပဈေးကွက် တင်ပို့ရာတွင် အရည်အသွေးပြည့်ဝသည့် သီးနှံထုတ်ကုန်များ ဖြစ်စေရေးနှင့် ပြည်တွင်းစားသုံးသူများ အစားအစာ ဘေးကင်းလုံခြုံမှုရှိရေး၊ သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးသည် အရေးကြီးကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နည်းပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တောင်သူများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ပြည်နယ်သီးနှံကာကွယ်ရေးဌာနခွဲ တာဝန်ခံ ဦးဟို(မ်)နာ(သ်)က ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးအတွက် ဖျက်ပိုးများကိုဘက်စုံကာကွယ်ရေး နည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးကို စနစ်တကျနှင့် အန္တရာယ်ကင်းရှင်းစွာအသုံးပြုရေး လိုက်နာဆောင်ရွက်ရေး၊ ပိုးသတ်ဆေး ဓာတ်ကြွင်းအန္တရာယ် လျှော့ချရေး နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝင်းက ငှက်ပျောစိုက်ပျိုးရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) စနစ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရမည့် နည်းလမ်းများ၊ ကံပိုင်တည် သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးစခန်း တာဝန်ခံ ဦးစိုးလွင်က တရုတ်နိုင်ငံသို့ တင်ပို့မည့် တစ်သျှူးငှက်ပျောသီးနှံအတွက် ထိန်းချုပ်ပိုးမွှားများအကြောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ကံမမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ကံမ အောက်တိုဘာ ၂၇

ကံမမြို့နယ်အတွင်း မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ကံမမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဦးစီးဌာနများနှင့်ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကံမမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနတို့မှ ပူးပေါင်း၍ ကံမမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လျှပ်စစ်ဝိုင်ယာကြိုးများမှတစ်ဆင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး မီးဘေးလုံခြုံရေး စစ်ဆေးအကြံပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကောင်းစစ်နိုင်**

## ဒိုက်ဦးမြို့နယ်၌ မကူးစက်ရောဂါအကြောင်း အသိပညာပေး ဟောပြော

ဒိုက်ဦး အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ရှိ ပြည်သူများအား မကူးစက်ရောဂါအကြောင်းအရာများ အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက ဖောင်တော်သီကျေးလက်ကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးမိုးအေး၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက မကူးစက်ရောဂါများဖြစ်သည့် သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကင်ဆာ၊ ပန်းနာရင်ကျပ်ရောဂါများကို စစ်ဆေးကုသပေးပြီး အစားအသောက်များကို ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးတတ်စေရေး၊ ဆေးဝါးများကို အချိန်မှန်မှန်သောက်သုံးစေရေး၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လုပ်ဆောင်ရေးနှင့် အပတ်စဉ် ကျန်းမာရေးစစ်ဆေးကုသမှုခံယူရန် ကျန်းမာရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



**ကျော်ကျော်(ပြန်/ဆက်)**

❁ **ကျော့ဖုံးမှ**

အလားတူ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့အား ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ လူသစ်စုဆောင်းခြင်းများ အပါအဝင် အကြမ်းဖက်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေး အပါအဝင် အခြားလိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို စနစ်တကျစုဖွဲ့ချီတက်ရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ဗန်းမောက်မြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့အတွင်းရှိ ပြည်သူပိုင်နေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးနေကြောင်း မျက်မြင်တွေ့ရှိရသည်။

ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့သည့် ဗန်းမောက်မြို့အတွင်းရှိ အဆောက်အအုံများအား မီးအမြန်ဆုံးငြိမ်းသတ်နိုင်ရေး အခြားသော ဗန်းမောက်မြို့နေ ပြည်သူလူထု၏ အဆောက်အအုံများ မီးကူးစက်မှုမရှိစေရေး၊ ထပ်မံ၍ အခြားအကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက ရင်ဆိုင်တိုက်ခိုက်လျက်ရှိသည့် လက်ကျန်အကြမ်းဖက်သောင်းကျန်းသူများအား အမြန်ဆုံးလက်စတုံးတိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဘုရင့်နောင်၊ မြေကွက်အမှတ်-၈၇၅၊ ဧရိယာ(၂၄၀၀) စ/ပေ၊ ဧက၊ မြေကွက်တည်နေရာ-အမှတ်(၈၇၅)၊ ဒလ-တွံတေးကားလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ဒလမြို့နယ်၊ ဦးသိန်းထွန်း [၁၂/ဒလန (နိုင်) ၀၁၄၆၄၇] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးသိန်းထွန်း (ဖခင်)၊ ဒေါ်သန်းရင် (မိခင်)တို့ အသီးသီးကွယ်လွန်ပြီး ၎င်းတို့တွင် ဦးကျော်စွာထွန်း၊ ဒေါ်အေးသက်မွန်၊ ဒေါ်ရီရီဌေး၊ ဦးရဲလင်းဟိန်း နှင့် ဦးအောင်ကျော်ထွန်းဟု သား/သမီး (၅) ဦးရှိသည့်အနက် ဦးအောင်ကျော်ထွန်းသည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်သား/သမီး (၄) ဦးတို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသော သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ သေဆုံးမှုလက်မှတ်များတင်ပြပြီး ဦးကျော်စွာထွန်း [၁၂/ဒလန(နိုင်)၀၀၀၄၅၃]၊ ဒေါ်အေးသက်မွန် [၁၂/ဒလန(နိုင်)၀၃၆၉၁၁]၊ ဒေါ်ရီရီဌေး [၁၂/ဒလန(နိုင်) ၀၄၉၃၄၄]၊ ဦးရဲလင်းဟိန်း [၁၂/ဒလန(နိုင်)၀၅၅၉၅၆]တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး ( ဒုတိယညွှန်ကြားရေးမှူးချုပ် )**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန(ကိုယ်စား)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၁)၊ ဦးပိုင်အမှတ်(၂၀)၊ ၆၁x၆၂ကြား၊ ၁၄လမ်း၊ အမှတ်(၆) ရေဆိုးပစ်ချောင်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်သန်းသန်း [၈/ပခက (နိုင်) ၁၄၆၆၈၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၇)၊ ဦးပိုင်အမှတ်(၁၀)၊ ၆၇x၆၈ကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကော်ရှင်ဖန်၊ [၁၃/သနန (နိုင်)၀၁၈၈၈၆]က အမှုတွဲအမှတ်(၃၁၈၆/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

